# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၁)


## နိုင်ငံတော်တစ်ဝန်းလုံး အကြားအလပ်မရှိ မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေး

ပညာရည်မြင့်မားရေး၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် နိုင်ငံတော်တစ်ဝန်းလုံး အကြားအလပ်မရှိ မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။




စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးစက်မှုဇုန်ရှိ အောင်နိုင်သူ စက်မှုလက်မှုလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# မန္တလေးစက်မှုဇုန်ရှိ စက်ရုံအားလုံး၏တည်ဆောက်မှု စုစုပေါင်း ၆၃ ရာခိုင်နှုန်းပြီးစီးနေ ခေတ်မီ သံရည်ကျိုစက်ရုံများအပါအဝင် စက်မှုလုပ်ငန်းများ စနစ်တကျကြိုးပမ်း နိုင်ငံတော်က စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်အားပေးပံ့ပိုးသွားမည်

ရန်ကုန် အောက်တိုဘာ ၁၀

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ အောက်တိုဘာ ၈ ရက် မွန်းလွဲပိုင်းတွင် မန္တလေးစက်မှုဇုန်သို့ရောက်ရှိရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

### ရှင်းလင်းတင်ပြ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား မန္တလေးစက်မှုဇုန် အဆင့်တိုးမြှင့်ရေး စီမံကိန်းရှင်းလင်းဆောင်၌ မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မန္တလေးစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်က မန္တလေးစက်မှုဇုန်၌ ခေတ်မီသံရည်ကျို၊ စက်ခုတ်စားစက်ရုံများတည်ဆောက်ရန် စီစဉ်ဆောင်ရွက်မှုနှင့် စက်ရုံအလိုက် မြို့ပြဆိုင်ရာ တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ ခေတ်မီသံရည်ကျိုနှင့် စက်ခုတ်စားစက်ရုံများ ထူထောင်ပြီးစီးပါက ထုတ်လုပ်ပေးနိုင်မည့် စက်ပစ္စည်းများ၊ စက်ရုံများအတွက် လျှပ်စစ်မီးရရှိရန် ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှုအခြေအနေများ၊

***စာမျက်နှာ ၈ ကော်လံ ၁*** ✡

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး


မြန်မာ့အလင်း

ခေါင်းကြီး

သတင်း

ဆောင်းပါး

အညွှန်း

နိုင်ငံတကာ၏ ရေကြောင်းနယ် ပယ်နှင့်လေကြောင်းနယ်ပယ်တို့တွင် ဝင်ဆံ့နိုင်မည်ဆိုသည့် အသိစိတ်ဓာတ်များ ကိန်းအောင်းတိုးပွားပြီး ပညာရပ်များကို အပတ်တကုတ် လေ့လာဆည်းပူး။
ခေါင်းကြီး(စာ-၂)

အီရတ်စစ်ပွဲ၌ ဘုရှ် စီမံခန့်ခွဲမှု ညံ့ဖျင်းခဲ့၊ အိုင်အိုဝါ၌ မဲဆွယ်စည်းရုံးစဉ် ကယ်ရီဝေဖန်။
နိုင်ငံတကာသတင်း(စာ-၄)

“အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်သည် မိမိ၏ ပါတီဝင်များ အပါအဝင် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးက ဆန့်ကျင်ခြင်းကို မလွဲမသွေ ရင်ဆိုင်ရမည် ဖြစ်ပြီး ကျဆုံးချုပ်ငြိမ်းဇာတ်သိမ်း မကောင်းသော နွံတွင် နစ်မွန်းမည်သာဖြစ်”

**ကေတုနီလာ၏ အတ္တကျွံပြီး နွံနစ်ခံမည်လား**
ဆောင်းပါး(စာ-၃)


**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

# ရေကြောင်း၊လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကြီးများပေါ်ထွန်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် ထူးချွန်သူများ ဖြစ်အောင်ကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာစေရန်အတွက် တစ်မျိုးသားလုံး၏ စွမ်းပကားများကို စုစည်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို အလေးထား ဆောင်ရွက်လျက် ရှိသည်။

လူ့စွမ်းအား အရင်းအမြစ်များ၏ ပင်မအခြေခံသည် ကျောင်းသူကျောင်းသား၊ လူငယ်လူရွယ်များဖြစ်သည်။ လူငယ်လူရွယ်များ အခြေခံပညာမှစ၍ အဆင့်မြင့်ပညာအထိ ထူးချွန်ထက်မြက်သူများ ပေါ်ထွက်လာစေရန် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ နည်းပညာတက္ကသိုလ်နှင့် ကောလိပ်များ၊ ကွန်ပျူတာတက္ကသိုလ်နှင့်ကောလိပ်များကို နိုင်ငံတစ်ဝန်း တည်ဆောက်ဖွင့်လှစ်ပေးပြီး လေ့ကျင့်ပျိုးထောင်ပေးလျက် ရှိသည်။

ထို့ပြင်သာမက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်တွင် လိုအပ်နေသည့် ရေကြောင်းနှင့်လေကြောင်းပညာရပ်ဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်မည့် တက္ကသိုလ်ကြီးများထူထောင်ရန် လမ်းညွှန်ချက်အရ ယခုအခါ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကြီးနှစ်ခုတို့ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အောက်တိုဘာလ ၉ ရက်နေ့က ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ဆွေးနွေးမှာကြားခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဆွေးနွေးမှာကြားရာတွင်-

> **"တက္ကသိုလ်ကြီးများကို စတင်တည်ထောင်စကပင် စနစ်တကျထူထောင်ခဲ့ခြင်းဖြစ်သဖြင့် အနာဂတ် ကာလတွင်လည်း တိုးတက်သည်ထက် တိုးတက်ဖြစ်ထွန်းမှုများရရှိလာပြီး နိုင်ငံတကာတွင် ထင်ပေါ်ကျော်ကြားသည့် တက္ကသိုလ်ကြီးများအဖြစ် ရေရှည်ရပ်တည်သွားနိုင်ရေးကို ဆက်လက် ကြိုးပမ်း ဆောင်ရွက်သွားကြရန်"**

ပြောကြားသွားသည်။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကြီးကို ရန်ကုန်တိုင်း သန်လျင်မြို့နယ် သီလဝါဆိပ်ကမ်းနယ်မြေတွင်လည်းကောင်း၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကြီးကို မန္တလေးတိုင်း မိတ္ထီလာမြို့နယ်တွင်လည်းကောင်း ခံ့ညားထည်ဝါစွာ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ယင်းတက္ကသိုလ်ကြီးများတွင် နိုင်ငံတကာအဆင့်မီ သင်ကြားမှု ထက်မြက်မြင့်မားရေးအတွက် ဆရာ ဆရာမများအား ပြည်ပနိုင်ငံများသို့ ပညာသင်စေလွှတ်ခြင်း၊ ပြည်ပမှ ကျွမ်းကျင်သူများ လာရောက်သင်ကြားပို့ချပေးခြင်းနှင့် ပြည်ပပညာရှင်များနှင့်ပူးပေါင်း၍ ရေယာဉ်နှင့်လေယာဉ် တည်ဆောက်မှုပညာရပ်များကို စာတွေ့လက်တွေ့ ပေါင်းစပ်သင်ကြားပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ ပညာသင်ကြားနေသော ကျောင်းသား၊လူငယ်လူရွယ်များ အပိုင်းကလည်း သင်ကြားပေးနေသည့် ပညာရပ်များ ကျွမ်းကျင်စွာတတ်မြောက်မှသာ နိုင်ငံတကာ၏ရေကြောင်းနယ်ပယ်နှင့် လေကြောင်းနယ်ပယ်တို့တွင် ဝင်ဆံ့နိုင်မည်ဆိုသည့် အသိစိတ်ဓာတ်များ ကိန်းအောင်းတိုးပွားပြီး ပညာရပ်များကို အပတ်တကုတ် လေ့လာဆည်းပူးသင်ယူလျက်ရှိကြသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကြီးများ အနာဂတ်ကာလတွင် ခိုင်ခိုင်မာမာ တိုးတက်သည်ထက်တိုးတက်ပြီး နိုင်ငံတကာတွင် ထင်ရှားသည့်တက္ကသိုလ်ကြီးများဖြစ်လာစေရန်အတွက် ကျောင်းသား လူငယ်များအားလုံးက နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ထူးချွန်ထက်မြက်သူများဖြစ်အောင် အပတ်တကုတ် ကြိုးပမ်းဆည်းပူးကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။



# နယ်စပ်/ စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် စင်ကာပူမှ ပြန်လည်ရောက်ရှိ
# အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးအဆင့်အစည်းအဝေး တက်ရောက်ခဲ့

ရန်ကုန် အောက်တိုဘာ ၁၀

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပခဲ့သော အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲချို့တဲ့မှုပပျောက်ရေး ဝန်ကြီးအဆင့် စတုတ္ထအကြိမ်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညနေ ၃ နာရီက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mr. Mark Low၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။** (အပေါ်ပုံ)

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးသန်းဆွေနှင့်ညွှန်ကြားရေးမှူးဦးအေးလွင်တို့သည် အောက်တိုဘာ ၄ရက်မှ၅ရက်အထိကျင်းပသည့် အာဆီယံကျေးလက်ဖွံ့ဖြိုးရေးနှင့်ဆင်းရဲချို့တဲ့မှု ပပျောက်ရေးအဆင့်မြင့်အရာရှိများ အကြိုညှိနှိုင်းအစည်းအဝေးတက်ရောက်ရန် အောက်တိုဘာ ၃ရက်တွင် ရန်ကုန်မြို့မှ စင်ကာပူသမ္မတနိုင်ငံသို့ ကြိုတင်ထွက်ခွာခဲ့ကြပြီး ဝန်ကြီးအဆင့် အစည်းအဝေးသို့ပါ ဝန်ကြီးနှင့်အတူတက်ရောက်ခဲ့သည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဝန်ကြီးနှင့်အတူ ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၁၁-၁၀-၂၀၀၄**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Complex Numbers (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
- ၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၆။ လျှပ်တစ်ပြက်
- ၆း၅၀ ၁၇။ မေးမြန်းစုံစမ်း
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပန်းတိုင်"**(အပိုင်း-၂)
- ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်ဓား"** (အပိုင်း-၁၄)

## ပေးအပ်လှူဒါန်း

**ဗဟန်းမြို့နယ် တိပိဋက ဓမ္မရက္ခိတ ဗိမာန်တော်ကြီး၏ စက်ရေတွင်း၊ ရေအိမ်၊ ရေချိုးခန်းများအတွက် စက်တင်ဘာ ၁၁ရက်က ဒဂုံမြို့နယ် ယောမင်းကြီးလမ်း အမှတ်(၅၂)နေ ဦးတင်ဝင်း-ဒေါ်လှစိန် သားသမီး၊ မြေးတစ်စုတို့က ငွေကျပ်နှစ်သိန်းကို အဖွဲ့ဥက္ကဋ္ဌ ဦးစိန်တင့် (သီရိသုဓမ္မ မဏိဇောတဓရ) ထံ ပေးအပ်လှူဒါန်းစဉ်။**

(က-ပ)



# အတ္တကျုံပြီး နွံနစ်ခံမည်လား

လူသည် မွေးသည်မှ သေသည်အထိ မိမိ၏ ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော အလုပ်သုံးပါးက မိမိဘဝကို ပြဋ္ဌာန်းတည်ဆောက်သည်။ တစ်နည်းဆိုရလျှင် မိမိသမိုင်းကို မိမိကိုယ်တိုင်ရေးသည်ဟုလည်း ဆိုနိုင်သည်။ ဤတွင် လူသည် မိမိဘဝကို မိမိကိုယ်တိုင် ပြဋ္ဌာန်းတည်ဆောက်ခြင်းဖြင့် လည်းကောင်း၊ မိမိသမိုင်းကို မိမိရေးခြင်းဖြင့်လည်းကောင်း ဦးတည်မျှော်မှန်းချက်သည် ဘက်နှစ်ဖက်ရှိသည်။ ယင်းဘက်နှစ်ဖက်တွင် တစ်ဖက်သော ဦးတည်ရာ မျှော်မှန်းချက်သည် ပါဠိဝေါဟာရအရ 'အတ္တသင်္ဂဟ' ဦးတည်ရာဖြစ်ပြီး တစ်ဖက်သော ဦးတည်ရာ မျှော်မှန်းချက်သည် 'လောကသင်္ဂဟ' ဦးတည်ရာဖြစ်သည်။ 'အတ္တသင်္ဂဟ'သည် မိမိအကျိုးစီးပွားကိုဆောင်၍ မိမိကိုယ်ကိုချီးမြှောက်ခြင်းဖြစ်ပြီး 'လောကသင်္ဂဟ'သည် လောကနှင့် လူအများ၏ အကျိုးစီးပွားကိုဆောင်၍ လောကနှင့် လူအများကို ချီးမြှောက်ခြင်း ဖြစ်သည်။

စင်စစ် 'အတ္တသင်္ဂဟ'သည် မိမိအကျိုးစီးပွားနှင့် မိမိကိုယ်ကို ချီးမြှောက်သော အလုပ်အားလုံးတွင် ငါနှင့် ငါ့မိသားစု ငါ့အုပ်စု၊ ငါ့ပါတီကောင်းစားရေးကို ရှေးရှုဦးတည် မျှော်မှန်းခြင်းမှတစ်ပါး အခြားမရှိပေ။ ယင်းအပြင် 'အတ္တသင်္ဂဟ'ဟူသော ငါစွဲသည် သူတစ်ပါးအများ၏ ကောင်းစားမှု အောင်မြင်မှုတို့အပေါ်တွင် 'မုဒိတာ'မပွားနိုင်ဘဲ မနာလိုမှု(ဣဿာ)နှင့် ဝန်တိုမှု (မစ္ဆရိယ) တို့က အလိုအလျောက် ပေါက်ဖွားရှင်သန်လာသည်။ ထိုသူသည် သူနှင့် သူ့မိသားစု၊ သူ့ပတ်ဝန်းကျင် ပါတီအဖွဲ့အစည်း၏ အကျိုးစီးပွားကို ပဓာနပြု လုပ်ကိုင်နေသော်လည်း အများ၏ အကျိုးစီးပွားအတွက်ဟူသော အကြောင်းပြစကားကို ဆိုတတ်သည်။ ယင်းသို့ ဆိုခြင်းသည်ပင်လျှင် ပပဉ္စသိဖြင့် ဆိုခြင်းဖြစ်သည်။ 'ပပဉ္စသိ'ဟူသည် 'အတ္တဒိဋ္ဌိ' ဖြစ်သည်။ ဤသို့ ဆိုခြင်းမျိုးသည် အနယော၊ နယရူပေန၊ ဗုဒ္ဓိမကမ္မ၊ 'တိဌ္ဌတိ'မည်၏ဟုဆိုထားသည်။ အနက်ဖွင့်ဆိုချက်မှာ မှားသောနည်းလမ်းကို မိမိ၏အသိဉာဏ်ဖြင့် ဆင်ခြင်နိုင်ခြင်း မရှိတော့ဘဲ မှန်သောနည်းလမ်းဟူ၍ စွဲမှတ်ရပ်တည် ကျင့်သုံးတတ်သည်ဟု ဆိုထားသည်။

ဤသို့အားဖြင့် အတ္တအသိများ ပွားများကြီးမားလာသည်နှင့်အမျှ အမှားကို အမှန်ထင်လာတတ်သည်။ မကောင်းကို အကောင်းဟုလည်း စွဲမှတ်လာခြင်းဖြင့် ပျက်စီးခြင်း၊ ကျဆုံးခြင်း သင်္ကေတ နိမိတ်တို့ကို ဆောင်ယူလာသည်။ ယင်းအခြေအနေမှန်ကို စိစစ်ဝေဖန်နိုင်ခြင်းမရှိတော့ဘဲ 'ငါမှန်သည်' ဟူသော အယူအစွဲကို ဖက်တွယ်ထားခြင်းသည် 'အာဓာနဂ္ဂါဟိ' ဟူ၍ ဆိုထားသည်။ အလားတူပင် မှားမှန်းသိနေသော်လည်း မထူးတော့ပါဟူသော ခံယူချက်ဖြင့် မိမိ၏ အယူအစွဲကို မစွန့်လွှတ်ဘဲ ဆက်လက်ကိုင်စွဲထားခြင်းသည် 'ဒုပ္ပဋိနိဿဂ္ဂိ'ဟူ၍ ဆိုသည်။ ဤသည်မှာ မမြင့်မြတ်သောသူတို့၏ စရိုက်လက္ခဏာ ဟု ဆိုလေသည်။

**ပါတီအဖွဲ့အစည်းတစ်ရပ်၏ ဝိညာဉ်အဖြစ် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးတွင် အရေးကြုံလာပါက မိမိ၏ ပါတီအရေး၊ လူပုဂ္ဂိုလ်အရေးထက် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၏ အရေးကို ဦးစားပေး ဆောင်ရွက်ရမည့် တာဝန်ရှိသည်ကို မမေ့မလျော့၊ မပေါ့သော သတိတရား လက်ကိုင်ထားရမည်။**

လူသည် အတ္တသတ္တဝါဟု ဆိုထားသော်လည်း ယင်းအတ္တတရားသည် လောက၏ အစီးအပွား အများ၏အကျိုးစီးပွားကို ထိခိုက်ပျက်ပြားခြင်းမရှိသော ကိုယ်စီအတ္တတရားကိုသာ အများကလက်ခံသည်။ လောကနှင့်လည်း သဟဇာတကျစွာ အညီအညွတ်ဖြစ်သည်။ မမြင့်မြတ်သောသူတို့၏ စရိုက်အစွဲဖြစ်သော ကိုယ်စီအတ္တထက် ကျုံလာခဲ့လျှင် ပျက်စီးကျဆုံးမှုကို ရင်ဆိုင်ရမည် ဖြစ်သည်။ တစ်နည်းအားဖြင့် အတ္တကျုံလာခြင်းသည်ပင်လျှင် ပျက်စီးကျဆုံးမှုဟူသော နွံတွင် နစ်ရမည်မှာ မလွဲမသွေ ဧကန်အမှန်တရားဖြစ်သည်။ ဤသို့အားဖြင့် မျက်မှောက် မြန်မာနိုင်ငံ၏ သမိုင်းခေတ်တွင် ဒိဋ္ဌမမြင်နေရသော မြန်မာ့နိုင်ငံရေး နယ်ပယ်ရှိ နိုင်ငံရေးပါတီတစ်ရပ်ဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ယင်းပါတီ၏ ခေါင်းဆောင်များ၏ ပကတိဖြစ်တည်မှု အရှိတရားကို မည်သည့် အာဃာတတရားမျှ မကပ်ငြိဘဲ လိပ်ပြာသန့်စွာ သုံးသပ်ဆင်ခြင် အမြင်အတိုင်း တင်ပြမည်ဖြစ်သည်။

ဆိုရလျှင် နိုင်ငံတော်အစိုးရက အနာဂတ်ကာလတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံတော်သစ်ကြီး ဖြစ်တည်ရှင်သန်လာရေးအတွက် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ကြေညာခဲ့ပြီးနောက် ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပရေးအတွက် ပါတီအဖွဲ့အစည်းများနှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်သည်။ ယင်းသို့ဆွေးနွေးခဲ့ရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် ဖြစ်ခဲ့ပြီးသောအတိတ်ကို အတိတ်မှာထားခဲ့ရန်နှင့် နိုင်ငံ၏ အနာဂတ်အတွက် ကောင်းမွေကိုဆက်ခံစေမည့် အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပရာတွင် တရားဝင် နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသား အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ လူထုလူတန်းစားနှင့် အလွှာလိုက် ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ရေးကို ကြိုတင်ညှိနှိုင်းဆွေးနွေးခြင်း၊ ဖိတ်ကြားစာများ ပေးပို့ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

သို့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်၏ လက်ငင်းအခြေအနေအရ လိုက်လျောနိုင်ခြင်းမရှိသေးသည့် တောင်းဆိုချက်များကို အသေဆုပ်ကိုင်ပြီး အမျိုးသားညီလာခံသို့ တက်ရောက်ခြင်းမရှိသည့်အပြင် ယင်းတောင်းဆိုချက်များအား ပါတီဝင်များနှင့်ပြည်သူတို့၏ တောင်းဆိုချက်ဖြစ်ရေးကို ရှေးရှုဦးတည်သော လှုပ်ရှားမှုများဖြင့် တည်ငြိမ်အေးချမ်းနေသော ပြည်သူတို့၏ လူမှုဘဝနယ်ပယ်တွင် အကျယ်အကျယ် မငြိမ်းဖွယ်ပြဿနာများ ဖြစ်ပေါ်လာစေခဲ့သည်။

## ကေတုနီလာ

စင်စစ် ယင်းတောင်းဆိုချက်များအား ပါတီဝင်များနှင့် ပြည်သူတို့၏ ဆန္ဒသဘောထားအရ ပါဝင်လက်မှတ်ရေးထိုးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စည်းရုံးလှုပ်ရှားမှုနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရက ပိတ်ပင်မှုမရှိဘဲ လက်မှတ်ရေးထိုးရမည့် စာအုပ်များအား ပါတီဝင်တစ်ဦးဦး၏အိမ်တွင်ထားရှိပြီး ဆောင်ရွက်ရန် ရပ်ကွက်/ကျေးရွာများသို့ တစ်အိမ်တက်ဆင်းလိုက်လံ လက်မှတ်ရေးထိုးမှု မပြုလုပ်ရန် ညှိနှိုင်းခဲ့သည်။

သို့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အောက်ခြေပါတီများဖြစ်သော မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ပါတီခေါင်းဆောင်များနှင့် ပါတီဝင်များသည် ယင်းတို့၏ ပါတီဌာနချုပ်ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ အိမ်တိုင်ရာရောက် လက်မှတ်ရေးထိုး စာရင်းရယူကောက်ခံခြင်းတို့ဖြင့် အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်စားသောက်နေထိုင်ကြသည့် ပြည်သူများအတွက် အနှောင့်အယှက်များ ဖြစ်ပေါ်လာစေခဲ့သည်။

အကြောင်းမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ ပါတီခေါင်းဆောင်များ၊ ပါတီဝင်များသည် လက်မှတ်ရေးထိုးခြင်းမပြုသော ပြည်သူတို့အား မချေမငံပြောဆိုဆက်ဆံခြင်း၊ သရော်လှောင်ပြောင်ခြင်းများအပြင် ရိုးသားသော ပြည်သူများအား လက်မှတ်ရေးထိုးရမည့်အကြောင်း အရာမှန်ကို မပြောဘဲ ရပ်ရေးရွာရေး၏သာရေး၊ နာရေး အကြောင်းပြချက်များဖြင့် လိမ်လည်လက်မှတ်ထိုးစေခြင်း၊ အရက်သေစာတိုက်ပြီး မြှောက်ပင့်၍ လက်မှတ်ထိုးစေခြင်းတို့အပါအဝင် ကာယကံရှင်ပုဂ္ဂိုလ်များမသိဘဲ လက်မှတ်အတုများထိုး၍လည်းကောင်း၊ မရှိသော လူအမည်စာရင်းများဖြင့် လက်မှတ်များထိုး၍လည်းကောင်း ပါတီဌာနချုပ်သို့ ပေးပို့တင်ပြခဲ့ကြသည်။

ယင်းဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည့် ပြည်နယ်နှင့် တိုင်းများရှိ မြို့နယ်နှင့် ကျေးရွာ၊ ရပ်ကွက်များမှာ ရန်ကုန်တိုင်းတွင် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်၊ သုံးခွမြို့နယ် အုန္နကန်ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ် ၁/ကရပ်ကွက်၊ ဒုစံပြရပ်ကွက်၊ တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက်၊ အိုးဘိုရပ်ကွက်၊ သုံးခွမြို့နယ် ၁၀ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက်၊ ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက်၊ ခရမ်းမြို့နယ် (၂)ရပ်ကွက်၊ ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာ၊ လှိုင်သာယာမြို့နယ် (၁၃)ရပ်ကွက်တို့ ဖြစ်သည်။

အလားတူ မန္တလေးတိုင်း အမရပူရမြို့နယ် အိုးတော်ရပ်ကွက် အနောက်တောင်မြို့နယ် ရတနာပုံဈေး၊ မင်္ဂလာဈေးတို့တွင်လည်းကောင်း၊ မကွေးတိုင်း မကွေးမြို့ အိုးမ အိုးဘိုရပ်ကွက်၊ နတ်မောက်မြို့နယ် ပိတ်ချင်းတောင်ကျေးရွာနှင့် ဈေးရပ်ကွက်၊ မင်းတုန်းမြို့နယ်၊ ကံမမြို့နယ်တို့တွင်လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့ လိပ်အင်းရပ်ကွက်နှင့် ဒေးဗရိန်းကျေးရွာတို့တွင်လည်းကောင်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့ အုတ်ကျင်းရပ်ကွက်နှင့် သံကုန်းကြီးကျေးရွာ၊ ကွင်းကြီးကျေးရွာတို့တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်း ကလေးမြို့နယ်တွင်လည်းကောင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း) ပန်းတောင်းမြို့နယ် တလုပ်ပင်ကျေးရွာအုပ်စုနှင့် သူရဲဇီးကျေးရွာအုပ်စုတို့တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာပါတီခေါင်းဆောင်များ၊ ပါတီဝင်များက ပြည်သူတို့အား လက်မှတ်ရေးထိုးခြင်းမပြုသဖြင့် ခြိမ်းခြောက်ခြင်း၊ လှောင်ပြောင်ပုတ်ခတ်ခြင်း၊ လိမ်လည် လက်မှတ်ထိုးစေခြင်းတို့အပြင် လက်မှတ်အတုများထိုးခြင်း၊ မရှိသော လူပုဂ္ဂိုလ်စာရင်းများဖြင့် လက်မှတ်ထိုးခြင်းတို့ ပြုလုပ်ခဲ့ကြရာ ကာယကံရှင်ပြည်သူများက ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် မြို့နယ်ကော်မရှင်အဖွဲ့များသို့ တိုင်ကြားခဲ့ကြသည်။ အချို့က NLDဥက္ကဋ္ဌထံ စာရေးတိုင်ကြားခဲ့ကြသည်ဟု သိရသည်။

**ယင်းဖြစ်စဉ်များအား လေ့လာခဲ့ရာ လိမ်လည်လှည့်ဖြားပြီး လက်မှတ်ထိုးခဲ့သော ဖြစ်စဉ်မှာ ၁၂၆၉ ဦးဖြစ်၍ အမည်နှင့် လက်မှတ်အတုများဖြင့် လိမ်လည်ထားသည်မှာ ၁၂၉၅ ဦးရှိနေခဲ့သည်။ ယင်းအခြေအနေမှာ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့အထိ ဖြစ်ပွားခဲ့သော အခြေအနေပင် ဖြစ်သည်။ ဤသည်မှာ နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် မကျူးလွန်သင့်သော မှားယွင်းသော၊ သိက္ခာမဲ့သော အပြုအမူများပင် ဖြစ်သည်ဟုဆိုရသော် လွန်အံ့ မထင်ပေ။**

ယင်းအပြင် အထက်တွင် ဆိုခဲ့ပြီးသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အမျိုးသားညီလာခံသို့ မတက်ရောက်ခဲ့သော အကြောင်းပြချက်(တစ်နည်း) တောင်းဆိုချက်(၃)ရပ်နှင့် ပတ်သက်ပြီး မကျေလည်ကြသော ပါတီဝင်များက ပါတီမှ နုတ်ထွက်ကြောင်းကို တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ စုပေါင်း၍လည်းကောင်း နုတ်ထွက်စာများ တင်ပြလာခဲ့ကြသည်။ ယင်းသို့ နုတ်ထွက်လာခဲ့ကြသည်မှာ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၁၅ ရက်နေ့အထိ စစ်ကိုင်းတိုင်းမှ ငါးဦး၊ တနင်္သာရီတိုင်းမှ လေးဦး၊ မန္တလေးတိုင်းမှ ၁၁၆ ဦး၊ မကွေးတိုင်းမှတစ်ဦး၊ မွန်ပြည်နယ်မှ တစ်ဦး၊ ရန်ကုန်တိုင်းမှ နှစ်ဦး၊ ရခိုင်ပြည်နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ၆၅ဦး၊ ဧရာဝတီတိုင်းမှ ကိုးဦး၊ ပဲခူးတိုင်း(အနောက်ပိုင်း)မှ တစ်ဦး စုစုပေါင်း ၂၀၅ဦး ဖြစ်သည်။

အကယ်မှု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်၏ လက်ငင်းအခြေအနေအရ လိုက်လျောနိုင်ခြင်း မရှိသေးသည့် တောင်းဆိုချက်များကို တရားသေဆုပ်ကိုင်ပြီး ပါတီဝင်အချို့၏ ဆန္ဒကျင်မှုနှင့် ပြည်သူတို့၏ဆန္ဒကျင်မှုကို ကျော်ခိုင်းမျက်ကွယ်ပြုခြင်းဖြင့် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၏အရေးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အမျိုးသားရေးတာဝန်ဖြစ်သော အမျိုးသားညီလာခံသို့ တက်ရောက်ရေးထက် လူပုဂ္ဂိုလ်ရေး၊ ပါတီရေးကို ရှေးရှုခြင်းသည် "အတ္တသင်္ဂဟ"ပင် ဖြစ်သည်။

အကြောင်းမှု **"ပါတီအဖွဲ့အစည်းတစ်ရပ်၏ ဝိညာဉ်အဖြစ် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးတွင် အရေးကြုံလာပါက မိမိ၏ ပါတီအရေး၊ လူပုဂ္ဂိုလ်အရေးထက် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၏အရေးကို ဦးစားပေးဆောင်ရွက်ရမည့် တာဝန်ရှိသည်ကို မမေ့မလျော့၊ မပေါ့သော သတိတရား လက်ကိုင်ထားရမည်"** ဖြစ်သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ယင်းတာဝန်ကို ပျက်ကွက်နေခဲ့သည်။

ထို့ကြောင့်ပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အခြေအနေနှင့် အချိန်ကာလအရ မလိုက်လျောနိုင်သေးသော တောင်းဆိုချက်များအား ပါတီနှင့် ပြည်သူတို့၏ တောင်းဆိုချက်ဖြစ်လာစေရန် ပုံဖော်ဖန်တီးရေးအတွက် ကြိုးပမ်းလာသည့်အပြင် ယင်း ပုံဖော်ဖန်တီးမှုကို နိုင်ငံတော်အစိုးရက နှောင့်ယှက်ကန့်ကွက်၊ ပိတ်ပင်နေသကဲ့သို့ ပြည်ပအသံလွှင့်ဌာနများက တစ်ဆင့် ဝါဒဖြန့်ထုတ်လွှင့်နေခဲ့သည်။

တစ်ဆက်တည်းမှာပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ချုပ်ကိုင်ခြယ်လှယ် ကြိုးကိုင်နေသော ကမ္ဘာပေါ်တွင်မရှိခဲ့ဖူး၊ မပေါ်ပေါက်ခဲ့ဖူးသေးသည့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီတို့က ထုတ်ပြန်ကြေညာခဲ့သော (၅၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဖြန့်ဝေစာသည်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီ၏(၆)နှစ်မြောက် ဖြန့်ဝေစာသည်လည်းကောင်း၊ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၏အကျိုးစီးပွားကို ရှေးရှုဦးတည်ခြင်းလုံးဝမရှိဘဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အကျိုးစီးပွားကိုသာ အဓိကထားသည်မှာ ထင်ရှားသိသာနေခဲ့သည်။

ဆိုရလျှင် ယင်းကြေညာချက် ဖြန့်ဝေစာများသည် လည်းကောင်း၊ တောင်းဆိုချက် လက်မှတ်ရေးထိုးရန် လုပ်ကြံဖန်တီးမှုများသည် လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောနေဆိုနေ၊ ဝါဒဖြန့်နေသည့် အမျိုးသားချင်း သင့်မြတ်စည်းလုံးရေးနှင့် ဒီမိုကရေစီဖြစ်ထွန်းရေးတို့နှင့် အလှမ်းဝေးလာစေမည့်အပြင် ထိပ်တိုက်ရင်ဆိုင်ရေး လမ်းကြောင်းပေါ်သို့ ဆွဲခေါ်နေခြင်းနှင့် တည်ငြိမ်အေးချမ်းနေသော ပြည်သူတို့၏ လူမှုစီးပွားဘဝအား ထိခိုက်ပျက်ပြားစေခြင်းမှတစ်ပါး အခြားမရှိတော့ပေ။

ချုပ်၍ဆိုပါတော့မည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မိမိပါတီ၏ အကျိုးစီးပွားတစ်ခုတည်းအတွက်ဟူသော **"အတ္တသင်္ဂဟ"** အစုအပေါင်းနယ်ပယ်တွင် ကျုံလာသည်နှင့်အမျှ **"လောကသင်္ဂဟ"** တရားဖြစ်သည့် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးဆိုင်ရာ အများ၏ အကျိုးစီးပွားကို လျစ်လျူရှုဥပေက္ခာပြုလာခဲ့သည်။ ဤသည်ပင်လျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မိမိ၏ပါတီဝင်များအပါအဝင် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးက ဆန့်ကျင်ခြင်းကို မလွဲမသွေ ရင်ဆိုင်ရမည်ဖြစ်ပြီး ကျဆုံးချုပ်ငြိမ်း ဇာတ်သိမ်းမကောင်းသော **"နွံ"** တွင် နစ်မွန်းမည်သာ ဖြစ်သည်။

စင်စစ် မျက်မှောက်မြန်မာနိုင်ငံ၏ အမျိုးသားရေး သမိုင်းစဉ်တရားက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မေးခွန်းထုတ်နေသည်မှာ **"အတ္တကျုံပြီး နွံနစ်ခံမည်လား"** ဟူ၏။ ။



## ကြည့်ရှုစစ်ဆေး

**စက်တင်ဘာ ၂၉ရက်က ရန်ကုန်တိုင်း မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့် သန်လျင်မြို့နယ်ရှိ မီးသတ်စခန်းကို ကြည့်ရှုစစ်ဆေးစဉ်။**

(က-ပ)

## နတ်တလင်း မြို့မအလက အာစရိယပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၁၀**

နတ်တလင်းမြို့ မြို့မ အလက ကျောင်းသား ကျောင်းသူ ဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော သက်ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၅ရက် (၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်) မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်းရှိ ပတ္တမြားခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။ အာစရိယပူဇော်ပွဲသို့ ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူ ဟောင်းများ တက်ရောက်ပူဇော်နိုင်ကြရန်နှင့် အလှူရှင်များသည် ဦးသန်းရှိန် (ကျောင်းအုပ်ဆရာကြီး၊ မြို့မအလက-နတ်တလင်း)၊ ဦးကျော်ဇင်ဦး ကံကြီးလမ်း၊ နတ်တလင်းမြို့နှင့် ဦးသီဟချို နှင်းဝေဆောင်း စာပေ ပြည်လမ်း၊ ဖုန်း-၃၈ မြနန္ဒာ၊ နတ်တလင်းမြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ဘဂ္ဂဒက်အနီး၌ ကန်စစ်ယာဉ်တန်း လမ်းဘေးဗုံး ပေါက်ကွဲထိမှန် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၉

**ဘဂ္ဂဒက်မြို့အနီး၌ အောက်တိုဘာ ၄ ရက်က အမေရိကန်စစ်ယာဉ်တန်းအနီး လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး၊ အခြားနှစ်ဦး ဒဏ်ရာရခဲ့သည်။**

**သေဆုံးခဲ့**

သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်နှင့်ဒဏ်ရာရသူတပ်ဖွဲ့ဝင်နှစ်ဦးမှာ အမှတ် (၁၃)ထောက်ပို့တပ်မှဖြစ်ပြီး အောက်တိုဘာ ၄ ရက်ည ၁၁နာရီခွဲ၌ ယင်းသို့ပေါက်ကွဲမှုဖြစ်ကာ သေဆုံးခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကို ဘဂ္ဂဒက်ရှိ စစ်ဘက်ဆေးရုံသို့ တင်ပို့ပေးခဲ့သည်။ ၂၀၀၃ ခုနှစ် မတ်လ၌ အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ အောက်တိုဘာ ၆ ရက် ဗုဒ္ဓဟူးနေ့ထိ ၁၀၆၄ ဦး ရှိသွားပြီဖြစ်သည်။

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်နှင့်အပေါင်းပါတပ်များကို ယခုအခါ အီရတ်နိုင်ငံတစ်ဝန်းလုံး၌ အပြင်းအထန် ခုခံတိုက်ခိုက်လျက်ရှိရာ ဖော်လူဂျာနှင့်ဆာမာရာမြို့များတွင် လွန်ခဲ့သောသီတင်းပတ်များအတွင်း တိုက်ခိုက်မှုများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

**အမ်အင်အေ၊ ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## ဘဂ္ဂဒက်မြို့လယ်၌ စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲ

**ဘဂ္ဂဒက် အောက်တိုဘာ ၉**

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးနယ်မြေအား အမေရိကန် အေစီ ၁၃၀ တိုက်ခိုက်ရေးယာဉ်များက ညအချိန် အီရတ် ခုခံတိုက်ခိုက်ရေး သမားများအား တိုက်ခိုက်ခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် တိုက်ခိုက်ခြင်း ခံခဲ့ရပြီးနောက် ယခုကဲ့သို့ တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့သည်။

**သေနတ်ထိမှန်**

ဤအတောအတွင်း ဘဂ္ဂဒက်မြို့လယ်ရှိ အစိုးရ အဆောက်အအုံများ အနီး၌ စိန်ပြောင်းကျည်ခုနစ်လုံး ယမန်နေ့ နံနက်ပိုင်း၌ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ စိန်ပြောင်းကျည်တစ်လုံးမှာ နိုင်ငံကူးလက်မှတ်ရုံးအနီး ကျရောက်ခဲ့ခြင်းဖြစ်သည်။ အခြားနှစ်ခုမှာ ရေနံဝန်ကြီးဌာန အနီး၌ ကျရောက်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားသည်။ ထို့အပြင် ပြီးခဲ့သော တနင်္လာနေ့နောက်ပိုင်း၌ ဘဂ္ဂဒက်မြို့တောင်ဘက် ၁၅ ကီလိုမီတာအကွာရှိ မြို့တစ်မြို့တွင် အီရတ်ရဲအရာရှိနှစ်ဦး သေနတ်ထိမှန်ခဲ့သည်။

ဤအတောအတွင်း အီရတ်နိုင်ငံတွင်း ၎င်းတို့အဆိုအရ တိုက်ခိုက်မှုများကိုထိန်းသိမ်းနိုင်ရန် အမေရိကန် နိုင်ငံက တပ်ဖွဲ့ဝင်များကို အလုံအလောက် မစေလွှတ်ခဲ့ ကြောင်း ယခင်အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်အုပ်ချုပ်ရေးမှူးဟောင်း ပေါလ်ဘရီမာက အမေရိကန်ပြည်ထောင်စု အနောက် ဗာဂျီးနီးယားတွင် ကျင်းပသော ညီလာခံ၌ ပြောကြားခဲ့ သည်။ **(စီအင်န်အင်န်)**



ဘဂ္ဂဒက်မြို့ အနောက်ဘက်ရှိ ရေနံပိုက်လိုင်းတစ်ခု တိုက်ခိုက်ခံရမှုကြောင့် မီးလောင်နေသည်ကို အောက်တိုဘာ ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ဘဂ္ဂဒက်ရေနံချက်စက်ရုံသို့ သွယ်ထားသည့်ရေနံပိုက်လိုင်း တိုက်ခိုက်ခြင်းခံရသဖြင့် မီးလောင်ပေါက်ကွဲ

ဘဂ္ဂဒက် အောက်တိုဘာ ၉

**အီရတ်နိုင်ငံတောင်ပိုင်း အဘူဂါရိပ်ဒေသရှိ ရေနံပိုက်လိုင်းတစ်လိုင်းအား အင်္ဂါနေ့၌ အမည်မသိ လူများက ဖောက်ခွဲခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။**

ဘဂ္ဂဒက်မြောက်ဘက် ၂၇၅ ကီလိုမီတာရှိ ကယ်ကွတ်မြို့မှ ဘဂ္ဂဒက်ရှိ ဒယ်လ်ဒိုရာ ရေနံချက်စက်ရုံသို့ သွယ်တန်းထားသည့် အဆိုပါ ပိုက်လိုင်းတွင် ဖောက်ခွဲရေးပစ္စည်းတစ်ခု တပ်ဆင်ထားခဲ့ပြီး အင်္ဂါနေ့မွန်းလွဲပိုင်း၌ ဖောက်ခွဲခဲ့သဖြင့် ပိုက်လိုင်းမှာ ပေါက်ကွဲမီးလောင်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။

**မဆုံးဖြတ်နိုင်**

အဆိုပါ ပေါက်ကွဲသည့် နေရာမှာ အဘူဂါရိပ်၏ ဆင်ခြေဖုံးအရပ်ဖြစ်သော အယ်လ်ဆမေလက် ဒေသတွင်ဖြစ်ပြီး ပေါက်ကွဲမှုကြောင့် သေဆုံးဒဏ်ရာရမှုများ သို့မဟုတ် ပျောက်ဆုံးမှုများကို မခန့်မှန်းနိုင်သေးကြောင်းနှင့် မည်သည့် အဖွဲ့အစည်းက လုပ်ဆောင်သည်ဆိုခြင်းကို မည်သူမျှ မဆုံးဖြတ်နိုင်သေးကြောင်း ၎င်းတို့ကပြောကြားသည်။

တိုက်ခိုက်မှုများကြောင့် ဘဂ္ဂဒက်အပါအဝင် အီရတ်နိုင်ငံရှိ နေရာများစွာတွင် ရေနံထုတ်လုပ်မှုမှာ ဆိုးဆိုးရွားရွား ပြတ်လပ်မည့် အခြေအနေရှိပြီး တစ်ခါတစ်ရံ၌ ရေနံတင်ပို့မှု ရပ်ဆိုင်းခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## အီရတ်စစ်ပွဲ၌ ဘုရှ်စီမံခန့်ခွဲမှု ညံ့ဖျင်းခဲ့ အိုင်အိုဝါ၌မဲဆွယ်စည်းရုံးစဉ် ကယ်ရီဝေဖန်

တစ်ပ်တန်(အိုင်အိုဝါ) အောက်တိုဘာ ၈

**ယမန်နှစ်တွင် အီရတ်နိုင်ငံအား ကျူးကျော်ခဲ့သည့်စစ်ပွဲ၌ အမေရိကန်တပ်ဖွဲ့များကို လုံလောက်စွာ ဖြန့်ချထားခဲ့ခြင်းမရှိသောကြောင့် အမေရိကန် အနေဖြင့် ဆုံးရှုံးမှုများစွာ ဖြစ်စေခဲ့ကြောင်း အိမ်ဖြူတော်၏ ထိပ်တန်းလက်ထောက်အရာရှိဟောင်းတစ်ဦး၏ ပြောဆိုချက်တစ်ရပ် ပေါ်ထွက်လာပြီးနောက် အိမ်ဖြူအား စိန်ခေါ်တိုက်ခိုက်နေသူ ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဂျွန်ကယ်ရီက အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် အီရတ်စစ်ပွဲနှင့် ပတ်သက်၍ စီမံခန့်ခွဲမှုညံ့ဖျင်းကြောင်း ဝေဖန်ပြောဆိုခဲ့သည်။**

ဆက်ဒမ်ဟူစိန်အား ဖယ်ရှားခဲ့ပြီးနောက် အီရတ်၌ဖြစ်ပေါ်လာသော လုယက်မှုများကို ထိန်းချုပ်ရန် ကြိုးပမ်းမှုများနှင့် တပ်ဖွဲ့ဝင်များလုံလောက်စွာ မရှိခြင်းတို့သည် အီရတ်တွင် အမေရိကန်ပြည်ထောင်စု၏ ကြားဝင်ဆောင်ရွက်ပေးမှုကို အဟန့်အတားဖြစ်စေခဲ့သည်ဟု အီရတ်ဆိုင်ရာ အမေရိကန်အုပ်ချုပ်ရေးမှူးဟောင်း ပေါလ်ဘရီမာက ပြောကြားသည်။ အီရတ်နိုင်ငံ၌ တရားဥပဒေ စိုးမိုးမှု အခြေအနေ ကင်းမဲ့ခဲ့ပြီး မိမိတို့သည် ထိုလုယက်မှုများကို မနှိမ်နင်းနိုင်ခဲ့သဖြင့် တန်ဖိုးကြီးမားစွာ ပေးဆပ်ခဲ့ရကြောင်း ဘရီမာက ပြောကြားခဲ့သည်။ ဂျွန်ကယ်ရီသည် အိုင်အိုဝါ၌ တစ်ထောက်ရပ်နားပြီး မဲဆွယ်စည်းရုံးရေးတရားဟောရာ၌ ဘရီမာ၏ မှတ်ချက်ကို အမိအရဆုပ်ကိုင်ကာ အီရတ်နိုင်ငံတွင် အမှားများ တစ်သီတစ်တန်းကြီးရှိကြောင်း၊ ပေါလ်ဘရီမာ ယခုကဲ့သို့ ဝန်ခံပြောဆိုခြင်းအတွက် မိမိဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။

မက်ဆက်ချူးဆက် အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီ၏ ယခုပြောဆိုမှုသည် အမေရိကန်သမ္မတ ရွေးပွဲမကျင်းပမီ သီတင်းလေးပတ်တိတိ လိုချိန်၌ ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

## အီရတ်စစ်ပွဲကိစ္စ တိုနီဘလဲ လိမ်ညာပြောဆိုခဲ့ ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ပြစ်တင်ဝေဖန်

လန်ဒန် အောက်တိုဘာ ၉

**ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲသည် အီရတ်စစ်ပွဲအကြိုကာလတွင် အမှန်တရားကို ပြောဆိုခဲ့ခြင်းမရှိကြောင်းနှင့် နိုင်ငံရေးနယ်ပယ်၌ လူထု၏ ယုံကြည်ကိုးစားမှုကို ပြန်လည်ရရှိရန် လုပ်ဆောင်ဖို့ မိမိဆုံးဖြတ်ထားခဲ့ကြောင်း ကွန်ဆာဗေးတစ်ပါတီမှ အထင်ကရ ဗြိတိသျှ အတိုက်အခံခေါင်းဆောင် မိုက်ကယ်ဟောင်းဝပ်က အင်္ဂါနေ့၌ ပြစ်တင်ဝေဖန်ခဲ့သည်။**

အီရတ်စစ်ပွဲသည် ဗြိတိသျှ ဝန်ကြီးချုပ် တိုနီဘလဲအား ယုံကြည်မှု ကင်းမဲ့စေခဲ့ကြောင်း အင်္ဂလန်တောင်ပိုင်း ဘွန်းမောက်မြို့၌ ကျင်းပသည့် ပါတီနှစ်ပတ်လည်ညီလာခံ၌ မိန့်ခွန်း ပြောကြားစဉ် ဟောင်းဝပ်ကပြောကြားခဲ့သည်။

အီရတ်စစ်ပွဲအကြိုကာလ၌ တိုနီဘလဲသည် အမှန်တရားများကို ထုတ်ဖော်ခဲ့ခြင်းမရှိကြောင်းနှင့်ထောက်လှမ်းရေးသတင်းအချက်အလက်အမှန်များကို ထုတ်ဖော်အသိမပေးခဲ့ကြောင်း၊ ထို့ပြင် ဗြိတိန်ဝန်ကြီးချုပ်တစ်ယောက်၏ လုပ်ဆောင်သင့်သော အချက်များကိုလည်း မလုပ်ခဲ့ကြောင်း ဟောင်းဝပ်က ပြောကြားသည်။

နောက်ထပ်စစ်ပွဲတစ်ပွဲ ဖြစ်လာမည်ကို မိမိတို့ မမျှော်လင့်ကြောင်း၊ ကမ္ဘာကြီးသည် အလွန်အန္တရာယ်များသော နေရာတစ်ခုဖြစ်လာပြီး ယုံကြည်စိတ်ချ၍မရတော့နိုင်ကြောင်း ဟောင်းဝပ်ကပြောကြားသည်။ ဗြိတိသျှဝန်ကြီးချုပ်က သူ့အား လူထုကယုံကြည်ကိုးစားရန် ထပ်မံတောင်းဆိုလာလျှင် လူထုအနေဖြင့် သူ့အပေါ် ဒုတိယအကြိမ် ယုံကြည်ကိုးစားနိုင်ပါမည်လားဟု ဟောင်းဝပ်က မေးခွန်းထုတ်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ကန်တို့ လိမ်ညာခဲ့ကြောင်း အက်ဒ်ဝပ်ပြောကြား

**ဝါရှင်တန် အောက်တိုဘာ ၈**

အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီနှင့်အထက်လွှတ်တော်အမတ် ဂျွန်အက်ဒ်ဝပ်တို့သည် အီရတ်အရေးကိစ္စနှင့် ပတ်သက်၍ အင်္ဂါနေ့ညက စကားအချေအတင်ပြောဆိုကြရာ ဒစ်ချေနီက အီရတ်စစ်ပွဲသည် အမေရိကန် အစိုးရ၏ မှန်ကန်သောလုပ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အက်ဒ်ဝပ်က အီရတ်စစ်ပွဲနှင့်ပတ်သက်၍ အမေရိကန်အစိုးရသည် အစကပင် လိမ်ညာလှည့်စားခဲ့ကြောင်း ချေပပြောဆိုခဲ့သည်။

အမေရိကန်တို့သည် အီရတ် နိုင်ငံတွင် စက်တင်ဘာလထဲ၌ ဩဂုတ်လထက် ပိုအသေအပျောက်များခဲ့ကြောင်း၊ ဩဂုတ်လတွင် ဇူလိုင်လထက် ပိုအသေအပျောက်များခဲ့ကြောင်း အက်ဒ်ဝပ်က ပြောကြားသည်။ အက်ဒ်ဝပ်သည် ရီပတ်ဘလစ်ကန် အထက်လွှတ်တော် အမတ်အချို့၏ သုံးသပ်ချက်များကိုလည်း ရည်ညွှန်းခဲ့ပြီး ၎င်းက အီရတ်နိုင်ငံ၏ အခြေအနေသည် ကမောက်ကမဖြစ်ပြီး ပိုဆိုးလာနေရာ ထိုသုံးသပ်ချက်များကို ရှင်းလင်းပစ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

**ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို အောက်တိုဘာ ၇ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# အာရှ-ဥရောပအဖွဲ့ဝင်နိုင်ငံများနှင့် ဗီယက်နမ်နိုင်ငံ

## စီးပွားရေး ပိုမိုပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိဟု ဗီယက်နမ်ဒုတိယဝန်ကြီးချုပ်ပြောကြား

ဟန်နွိုင်း အောက်တိုဘာ ၈

**ဗီယက်နမ်နိုင်ငံသည် အာရှ ဥရောပအဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု ခိုင်မာတောင့်တင်းရန် ဆန္ဒရှိကြောင်း ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗူခိုအန်က အင်္ဂါနေ့ည၌ ကျင်းပခဲ့သော ၂၀၀၆ ခုနှစ် အာဆီယံ ကုန်သွယ်ရေးပြပွဲဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည်။**

ယခုပြပွဲပြီးစီးပါက (၅)ကြိမ်မြောက် အာရှ ဥရောပအဖွဲ့ဝင်များတွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ပြုလုပ်ရန်ရှိကြောင်းနှင့် ယခုပြပွဲသည် မိမိတို့နိုင်ငံ၏ ပြင်ပကမ္ဘာနှင့် စီးပွားရေးတိုးမြှင့်ဆောင်ရွက်လိုသည့် မိမိတို့၏ဆန္ဒကို ထုတ်ဖော်ပြသသည့် ပြပွဲဖြစ်ကြောင်း၊ ဥရောပသည် အရေးကြီးဆုံးသော စီးပွားဖက်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗူခိုအန်က ပြောကြားခဲ့သည်။

ယခုပြပွဲသည် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) နိုင်ငံများ စီးပွားရေးအောင်မြင်မှုများ ရရှိစေရန်နှင့် စီးပွားရေး ပိုမိုပူးပေါင်းဆောင်ရွက်ရန် ၎င်းတို့၏ ဆုံးဖြတ်ချက်များကို ဖော်ထုတ်နိုင်သည့်အတွက် အခွင့်အလမ်းကောင်းများကို ရရှိစေမည်ဟု ဗူခိုအန်က ပြောကြားသည်။

**အပြန်အလှန်**

မိမိတို့သည် အာဆီယံစီးပွားရေး အသိုက်အဝန်းတစ်ရပ် ထူထောင်ရန် ရည်မှန်းထားကြောင်းနှင့် ထိုရည်မှန်းချက်များ ပြည့်စုံအောင်မြင်စေရန်အတွက် စီးပွားရေးလုပ်ငန်းများဖလှယ်ခြင်း၊ ကုန်စည်ပြပွဲများနှင့် ပြပွဲများအပြန်အလှန်ကျင်းပခြင်းတို့သည် အလွန်အရေးကြီးကြောင်း ဒုတိယဝန်ကြီးချုပ် ဗူခိုအန်က အလေးအနက် ပြောဆိုခဲ့သည်။ **(အင်တာနက်)**

# မြန်မာ့အလင်း နိုင်ငံခြာ သတင်းများ

## တရုတ်-ရုရှား သံတမန်ဆက်ဆံရေး(၅၅)နှစ်မြောက် နှစ်ပတ်လည်နေ့ တရုတ်သမ္မတနှင့် ရုရှားသမ္မတတို့ အပြန်အလှန်သဝဏ်လွှာပေးပို့

**ပေကျင်း အောက်တိုဘာ ၈**

တရုတ်-ရုရှား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် (၅၅) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် တရုတ်သမ္မတဟူကျင်တောင်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့ အပြန်အလှန်သဝဏ်လွှာများပေးပို့ခဲ့ကြသည်။ ရုရှားနိုင်ငံနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆောင်ရွက်မှုတိုးမြှင့်ရန် လိုလားကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က ဖော်ပြခဲ့သည့်နည်းတူ ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ဆက်လက်တည်ရှိစေရန်အတွက် တရုတ်-ရုရှားမိတ်ဖက်ဆက်ဆံရေးသည် အရေးပါကြောင်း ရုရှားသမ္မတပူတင်ကလည်း ဖော်ပြခဲ့သည်။ ထို့အပြင် တရုတ်-ရုရှား နှစ်နိုင်ငံဆက်ဆံရေးသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၏ စံပြသဖွယ်ဖြစ်သင့်ကြောင်းလည်း ရုရှားသမ္မတ ပူတင်က ထောက်ပြသည်။ နှစ်နိုင်ငံပုံမှန် သံတမန်ဆက်ဆံရေး ထူထောင် ထားမှုနှင့်အတူ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ နယ်ပယ်များတွင် အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။ **(စီစီတီဗွီ)**

**ကြည့်ရှု**



**တရုတ်နိုင်ငံ၌ ကွန်ပျူတာဖြင့် ချိတ်ဆက် အသုံးပြုသော လုပ်ငန်းသည် လာမည့် နှစ်နှစ်အတွင်း ခုနစ်ဆ တိုးတက်လာနိုင် ဖွယ် ရှိ ကြောင်း သိရသည်။**

(ယာပုံမှာ အွန်လိုင်းဂိမ်း လုပ်ငန်း တစ်ခုအတွင်း တရုတ်လူငယ်များ ကြည့်ရှုနေကြစဉ်။)
**(ဓာတ်ပုံ-အင်တာနက်)**

## သီရိလင်္ကာ-အိန္ဒိယ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် မကြာမီ လက်မှတ်ရေးထိုးချုပ်ဆိုကြမည်

**ကိုလံဘို အောက်တိုဘာ ၈**

သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ အစိုးရများသည် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် နီးစပ်မှုရှိလာကြောင်း သီရိလင်္ကာရေဒီယိုက စနေနေ့၌ ထုတ်လွှင့်ကြေညာသည်။

မိမိတို့နှစ်နိုင်ငံသည် မကြာမီတွင် ပြီးပြည့်စုံသော စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူချက်တစ်ရပ်ကို စတင်ကြမည်ဖြစ်ကြောင်း သီရိလင်္ကာ ကုန်သွယ်ရေးဝန်ကြီး ဂျာရာရာ့ဂျ်မာနန်ဒိုမူရယ်လ်၏ ပြောကြားချက်ကို ကိုးကား၍ သီရိလင်္ကာအသံလွှင့်ဌာနက ပြောကြားသွားသည်။

ဆွေးနွေးနေဆဲဖြစ်သော စီးပွားရေး ပေါင်းဖော်ဘက်သဘောတူချက်သည် ယခုအခါ စတုတ္ထနှစ်ထဲသို့ဝင်လာပြီဖြစ်သော နှစ်နိုင်ငံအကြား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူချက်(အက်ဖ်တီအေ)တွင် လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးကပြောကြားကြောင်း အသံလွှင့် ဌာနက ကိုးကားဖော်ပြသည်။

သဘောတူစာချုပ်သစ်သည် အက်ဖ်တီအေ၏ အခွင့်အလမ်းကို ပိုမိုနက်ရှိုင်းကျယ်ပြန့်စေမည်ဖြစ်သည့်ပြင် ကုန်ပစ္စည်းကုန်သွယ်မှုသာမက ကုန်သွယ်မှုဝန်ဆောင်မှုလုပ်ငန်းများနှင့် နှစ်နိုင်ငံဖက်စပ် ရင်းနှီးမြှုပ်နှံမှုများကိုလည်း လွတ်လပ်မှုပေးမည် ဖြစ်သည်။ ယခုချုပ်ဆိုမည့် သဘောတူစာချုပ်သစ်သည် အက်ဖ်တီအေကို အဆင့်တိုးမြှင့်စေမည်ဟု ကုန်သွယ်ရေးအရာရှိများက ယုံကြည်ထားကြသည်။ နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၀၂ ခုနှစ်၌ ဒေါ်လာ တစ်ဘီလီယံအထိ ရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်ရန် ဥပဒေနှင့်စည်းကမ်းလိုက်နာရန်လိုအပ် အိန္ဒိယသမ္မတက လူငယ်များအား တိုက်တွန်းပြောကြား

ချန်နိုင်း အောက်တိုဘာ ၉

**နိုင်ငံဖွံ့ဖြိုးတိုးတက်လိုလျှင် အကျင့်စာရိတ္တကောင်းရန် လိုအပ်ကြောင်း၊ ကျောင်းသားလူငယ်များအနေဖြင့် လူ့ဘောင်အဖွဲ့အစည်း၏ ခြိမ်းခြောက်မှုကို ဖယ်ရှားပစ်ရန် သန္နိဋ္ဌာန်ချထားသင့်ကြောင်း အိန္ဒိယသမ္မတအေပီဂျေအဗ္ဗဒူကလာမ်က စနေနေ့၌ ပြောကြားလိုက်သည်။**

အိန္ဒိယသည် အကျင့်ပျက်မှုကင်းစင်သည့် နိုင်ငံဖြစ်ရေး၊ လူတိုင်းသည် ဥပဒေစည်းကမ်းကို လိုက်နာကြရေး ၎င်းကပြောကြားသည်။

**လူတိုင်းလိုက်နာ**

လူတိုင်းသည် ဥပဒေနှင့် စည်းကမ်းကို လိုက်နာလျှင် တရားဥပဒေစိုးမိုးကာ ငြိမ်းချမ်းသော ကမ္ဘာကြီးဖြစ်လာမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

ဆရာဆရာမများ၏ အရင်းခံတာဝန်သည် ကျောင်းသားလူငယ်များအကြား ဥပဒေစည်းကမ်းကို စွဲမြဲနေအောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ပညာရေး၏ အခြေခံရည်ရွယ်ချက်သည် မြို့သူမြို့သားများ ဥပဒေ၊ စည်းကမ်းလိုက်နာသူများ ဖြစ်ရန်လိုကြောင်း ၎င်းက ပြောကြားသည်။

စာသင်ကျောင်းများသည် ပညာရေးကိုအခြေခံ၍ တန်ဖိုးမြှင့်ပေးပြီး အပတ်စဉ်အတန်းများကို အကျင့်စာရိတ္တပိုင်းဆိုင် ရာလမ်းညွှန်မှုကြားချက်များကို သင်ကြားပေးသင့်ကြောင်း၊ ကျောင်းသားလူငယ်များအား နိုင်ငံ၏သားကောင်းရတနာများဖြစ်အောင် သင်ကြားပေးသင့်ကြောင်း ၎င်းက ပြောသည်။

**ရည်မှန်းချက်**

အနာဂတ်နိုင်ငံတော်အတွက်ကြီးမားသော ရည်မှန်းချက်ရှိရမည်ဖြစ်ကြောင်း၊ လူငယ်များသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ သန်း ၅၄၀ ရှိသော လူငယ်များသည် နိုင်ငံ၏ အင်အားပင်ဖြစ်ကြောင်း ၎င်းကထပ်လောင်း ပြောကြားသွားသည်။ **အမ်အင်အေ၊ပီတီအိုင်**



**အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ဂူဝါဟာတီမြို့အနီး သစ်တောအတွင်း၌ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး လုပ်ငန်းများအနက် ဆင်ထိန်းသိမ်း ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို အောက်တိုဘာ ၇ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## မျိုးတုံးမည့်တိရစ္ဆာန်မျိုးစိတ်များ ပိုမိုကြိုးပမ်းကာကွယ်သွားရန် ထိုင်းဝန်ကြီးချုပ်တိုက်တွန်း

ဗန်ကောက် အောက်တိုဘာ ၈

**မျိုးတုံးပျောက်ကွယ်မည့်အခြေအနေရှိသော တိရစ္ဆာန်မျိုးစိတ်များအား တရားမဝင် ရောင်းချနေမှုများကို ပိုမိုကြိုးပမ်းကာကွယ်သွားရန် ဥပဒေရေးရာ တာဝန်ရှိသူများအား ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာ ဝပ်က စနေနေ့၌ တိုက်တွန်းခဲ့သည်။**

သဘာဝ အရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုသည် ကျန်းမာရေးနှင့် ကမ္ဘာကြီး၏ ဇီဝမျိုးကွဲများကို အကြီးအကျယ် ခြိမ်းခြောက်ကြောင်း (၁၃)ကြိမ်မြောက် တိရစ္ဆာန်မျိုးစိတ်များတရားမဝင် ကူးသန်းရောင်းဝယ်မှု တားမြစ်ရေးဆိုင်ရာညီလာခံ၌ ဝန်ကြီးချုပ်သက်ဆင်က ပြောကြားသည်။ ကာကွယ်စောင့်ရှောက်ထားသော အပင်နှင့်တိရစ္ဆာန်မျိုးစိတ်များအား ကူးသန်းရောင်းဝယ်ခြင်းသည် ဥပဒေကို ချိုးဖောက်ရာရောက်ပြီး သဘာဝအရင်းအမြစ်များကို ဆုံးရှုံးစေကြောင်း ဝန်ကြီးချုပ်သက်ဆင်က ပြောကြားခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ထိုင်းနိုင်ငံ၌ မူးယစ်ဆေးဝါး နှိမ်နင်းရေး တစ်ကျော့ပြန် ဆောင်ရွက်

**ဗန်ကောက် အောက်တိုဘာ ၈**

ထိုင်းနိုင်ငံ၌ တနင်္လာနေ့က စတင်ခဲ့သော နောက်ဆုံးအကျော့ မူးယစ်ဆေးဝါး နှိမ်နင်းရေးဆောင်ရွက်ချက်သည် ဗန်ကောက်မြို့လယ် ဆင်းရဲသားရပ်ကွက်တွင် မူးယစ်ဆေးဝါးရောင်းချသူများနှင့် သုံးစွဲသူများအား ပစ်မှတ်ထားမည်ဖြစ်ကြောင်း နေးရှင်းသတင်းစာက အင်္ဂါနေ့၌ ရေးသားဖော်ပြခဲ့သည်။

ကလွန်တိုအီရပ်ကွက်သည် မူးယစ်ဆေးဝါးနှင့် မည်သည့်အခါမှ မကင်းစင်ခဲ့ကြောင်း ဗန်ကောက်မြို့တောင်ပိုင်းရှိ ဆင်းရဲသားရပ်ကွက်ကို ရည်ညွှန်းကာ ထိုင်းနိုင်ငံဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်က တနင်္လာနေ့က ပြောကြားသည်။

အလုပ်လက်မဲ့ပြဿနာများကို ဖြေရှင်းရန်နှင့် ကျောင်းမှထွက်ထားသော ကလေးငယ်များ မူးယစ်ဆေးဝါးလုပ်ငန်းနှင့် မူးယစ်ဆေးစွဲခြင်းမှ ကင်းရှင်းစေရန် ကြိုးပမ်းရာ၌ ရဲတပ်ဖွဲ့ တာဝန်ရှိသူများနှင့် ပညာရေးဝန်ကြီးဌာနမှ အရာရှိများ ပူးပေါင်းဆောင်ရွက်သွားကြရန် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ညွှန်ကြားခဲ့သည်။

မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်သူများသည် လူငယ်များ၏ဘဝနှင့် နိုင်ငံ၏ စီးပွားရေးကိုဖျက်ဆီးနေရာ မူယစ်ဆေး မှောင်ခိုရောင်းဝယ်သူများအား နှိမ်နင်းအရေးယူရေးကို မိမိအလေးအနက်ထားကြောင်း၊ အစိုးရအရာရှိများ၊ အထူးသဖြင့် ရဲအရာရှိများသည် ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်၏ ပြောဆိုချက်ကို နေးရှင်းသတင်းစာက ကိုးကားဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

11-10 (05).p65 1 24.03.1905, 2:56 PM





## သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့ပွဲ

**ရန်ကုန် အောက်တိုဘာ ၁၀**

မြောက်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က နှစ်စဉ်ကျင်းပမြဲဖြစ်သော အသက်(၇၅)နှစ်နှင့် အထက် သက်ကြီးစာပေပညာရှင်ကိုးဦး ပူဇော်ကန်တော့ပွဲနှင့်အဖွဲ့ဝင်များ တွေ့ဆုံပွဲကို အောက်တိုဘာ၂၃ရက် နံနက် ၉နာရီတွင် အဖွဲ့ရုံးတည်ရှိရာ အမှတ် ၅၈ ရော်ဂလမ်း(ည)ရပ်ကွက် မြောက်ဥက္ကလာပတွင် ကျင်းပမည်ဖြစ်ရာ အဖွဲ့ဝင်တိုင်း မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

## မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ အချက်အချာကျသောနေရာများ၌ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းချိုးဖောက်မှုများစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၀**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် ကော်မတီဝင်များဖြစ်ကြသော တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီးတင်ရွှေ၊ အမှတ်(၁) တပ်ထိန်း(လေ)တပ်မှူး ဗိုလ်မှူးလှမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးခင်မောင်၊ ဗိုလ်မှူးကြီးစိုးသိန်း၊ ညွှန်ကြားရေးမှူးဦးဘော်ထင်၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် တပ်မတော်မော်တော်ယာဉ်များနှင့်ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှုစစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။

### စစ်ဆေး

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**



## ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းခေါင်းဆောင်သောအဖွဲ့ ပြန်ရောက်ရှိ အာဆီယံပြန်ကြားရေးဝန်ကြီးများညီလာခံသို့ တက်ရောက်ခဲ့

**ရန်ကုန် အောက်တိုဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ အောက်တိုဘာ၆ရက်မှ၈ရက်အထိ ကျင်းပခဲ့သည့် အဋ္ဌမအကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများညီလာခံသို့ တက်ရောက်ခဲ့ပြီးနောက် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။

### ကြိုဆိုနှုတ်ဆက်ကြ

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်နှင့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

### ပြန်လည်လိုက်ပါလာကြ

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌွေး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအထွေထွေမန်နေဂျာ ဦးသက်စိုး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူး(ရုပ်မြင်/အင်္ဂလိပ်) ဦးဝင်းကြည်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ထွေးတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**




## အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၀**

မိမိနိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာအကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး၊ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေးဟူသည့် ရည်ရွယ်ချက်(၆)ရပ်ဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည့် ၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ၁၄ရက်မှ ၃၁ရက် အထိ ရန်ကုန်မြို့ရှိ သတ်မှတ်ထား သောနေရာများ၌ ခမ်းနားသိုက်မြိုက်စည်ကားစွာ ကျင်းပတော့မည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းများမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အနုပညာရှင်များသည် ယနေ့နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

### ရောက်ရှိလာ

ယင်းသို့ရောက်ရှိရာတွင် ကယားပြည်နယ်မှ အဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူးစိန်ဝင်း ဦးဆောင်သော ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အနုပညာရှင်များ၊ ချင်းပြည်နယ်မှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အနုပညာရှင်များသည် နံနက်ပိုင်းတွင်လည်းကောင်း၊ တနင်္သာရီတိုင်းမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အနုပညာရှင်များသည် ညနေပိုင်းတွင်လည်းကောင်း၊ ပြိုင်ပွဲဝင်များ တည်းခိုရာ ရန်ကုန်မြို့ အမှတ်(၁)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း(ဘုရင့်နောင်)သို့ ရောက်ရှိလာကြသည်။ **(ယာပုံ)**

**(သတင်းစဉ်)**







မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

*** *ကျောဖုံးမှ***

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ကျောင်းသား ကျောင်းသူလေးများက ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့တို့နှင့် တွဲဖက်၍ မြန်မာ့ကျောင်းသီချင်းကို သီဆိုကာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဖွင့်ပွဲအစီအစဉ်များ ကိုကျင်းပရာ ကျောင်းသူလေး ငြိမ်းစု လှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

**ဆိုင်းဘုတ်ဖွင့်လှစ်**

အစီအစဉ်အရ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်အုန်းမြင့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး အတွင်းရေးမှူး(၁)က ဖွင့်ပွဲဆိုင်းဘုတ်ကို စက် ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Language Lab Room၌ ဆရာမနှင့် ကျောင်းသား ကျောင်းသူလေးများ သင်ထောက်ကူ ပစ္စည်းများကိုအသုံးပြု၍ သင်ကြား နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ အခြားပညာရည် မြင့်မားရေး အထောက်အကူပြုစာသင် ခန်းများ၌ ခေတ်မီသင်ထောက်ကူ ပစ္စည်းများ တပ်ဆင်အသုံးပြုနိုင်မှု၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူလေးများ ပညာသင်ကြား လေ့ကျင့်နိုင်မှုများကို လှည့်လည် ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ထို့နောက် အိမ်တွင်းမှုသိပ္ပံခန်း ကို ဝင်ရောက်စစ်ဆေးအားပေးကြ သည်။ ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကျောင်း သူလေးများက ပလတ်စတစ်အိမ်ပုံစံ ငယ်ကို ဂါရဝလက်ဆောင်အဖြစ် ပေးအပ်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များအား ဂီတရသခန်း၌ ကျောင်းသား ကျောင်းသူလေးများက ဂီတအနုပညာစွမ်းရည်များကို ပြသကြ သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင် များသည် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူလေးများနှင့်အတူ မှတ်တမ်း တင် ဓာတ်ပုံရိုက်သည်။

ယင်းနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်းမှ ပြန်လည်ထွက်ခွာကြရာ ကျောင်းသား ကျောင်းသူလေးများက ဓာတ်မာန် သီချင်းကိုသီဆို၍ နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူလေးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

## သန်လျင်သိမ်ကျောင်းစာသင်တိုက် တရားစခန်းဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၁၀**

သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် သိမ်ကျောင်းစာသင်တိုက် မိုးကုတ်ဝိပဿနာပြန့်ပွားရေးအဖွဲ့၏ (၄)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဗိုလ်ချုပ်ရွာ သုမ္မောကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒသာရ အရှင်မြတ်က ဆရာဦးကျော်နိုင်(မန္တလေး)ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၂၅ရက်မှ ၃၁ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ယောဂီများအနေဖြင့် အောက်တိုဘာ ၂၄ ရက် ညနေ ၅နာရီအရောက် လာရောက်ကြရန်နှင့် ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းလိုပါက ဖုန်း–၀၅၆–၂၁၁၇၁၊ ၂၁၂၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## ပုဂံ–ညောင်ဦးလေဆိပ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၀

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြင့်သိန်း လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ပုဂံ–ညောင်ဦးလေဆိပ်သို့ရောက်ရှိပြီး လေဆိပ်အဆောက်အအုံကို အပြည်ပြည်ဆိုင်ရာလေဆိပ်များ၏ စံနှုန်းအတိုင်း တည်ဆောက်ကြရေးနှင့် ပွင့်လင်းရာသီတွင် အပြီးတည်ဆောက်ရေးမှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။**

ထို့နောက် ဝန်ကြီးသည် လေဆိပ်တိုးချဲ့အဆောက်အအုံ တည် ဆောက်ရေးလုပ်ငန်းခွင်အတွင်း မြန်မာ မှုလက်ရာများ လုပ်ဆောင်နေသည့် လုပ်ငန်းများ၊ လေဆိပ်အဆောက်အအုံ အတွင်း အခန်းဖွဲ့စည်းထားမှု အခြေ အနေ၊ လေကြောင်းလိုင်း ကောင်တာ များ ထားရှိမှုအခြေအနေ၊ X- Ray စက်များတပ်ဆင်အသုံးပြုနေမှု အခြေ အနေနှင့် အချောသပ်လုပ်ငန်းများ လုပ်ဆောင်နေမှုအခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

**တိုးချဲ့တည်ဆောက်**

ပုဂံ–ညောင်ဦး လေဆိပ်မှာ လေယာဉ်ပြေးလမ်းအရှည်ပေ ၈၅၀၀ နှင့် အကျယ်ပေ ၁၀၀ တည်ဆောက် ထားပြီး Boeing 737လေယာဉ်များ ဆင်းသက်နိုင်သည်။ လေဆိပ် အဆောက်အအုံကို လက်ရှိအရှည်ပေ ၃၀၀၊ အကျယ်ပေ ၅၀ မှ အရှည်ပေ ၃၀၀ နှင့် အကျယ်ပေ ၁၀၀ အထိ အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၏ စံနှုန်းအတိုင်း မြန်မာမှုအနုပညာ လက်ရာများ တပ်ဆင်၍ တိုးချဲ့တည် ဆောက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ အေးရှားဝေါလ် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင် က လေဆိပ်အဆောက်အအုံ တိုးချဲ့ ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေ၊ လေယာဉ်ရပ်နားနေရာ တိုးချဲ့တည် ဆောက်မည့်အစီအမံများ၊ လေယာဉ် ပြေးလမ်းတိုးချဲ့မည့် အစီအမံများ၊ မော်တော်ယာဉ် ရပ်နားနေရာ၊ ခရီး သည် အဝင်/အထွက် ခန်းမများ၊ အရေးကြီးပုဂ္ဂိုလ် နားနေဆောင်တည် ဆောက်ရေးအစီအမံများ စသည်တို့ကို ကွန်ပျူတာဆလိုက်ဖြင့် ရှင်းလင်း တင်ပြသည်။ ဆက်လက်၍ လေဆိပ် အဆောက်အအုံပြီးစီးသွားပါက မြင် တွေ့ရမည့် လေဆိပ်လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ မော်တော် ယာဉ်အဝင်/အထွက်လမ်း၊ လေယာဉ် များ Boarding Bridge များတွင် ရပ်ထားသည့်ပုံစံများ၊ လေဆိပ်ဝန်းကျင် သာယာလှပရေး ဆောင်ရွက်ထားမှု အခြေအနေများကို ကွန်ပျူတာအထူး ပြုလုပ်ကွက်များဖြင့် ရှင်းလင်းပြသရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့် ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လုပ်ငန်းခွင်အတွင်း တည်ဆောက်ရေး လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆောင် ရွက်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်း လင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**ကြည့်ရှုစစ်ဆေး**

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပုဂံ–ညောင်ဦး လေဆိပ်တိုးချဲ့အဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှု စစ်ဆေးစဉ်။**

(ပို့ဆောင်ရေး)






**စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြင်းခြံစက်မှုဇုန်ခန်းမ၌ မြင်းခြံခရိုင်နှင့် မြင်းခြံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)**

**✡ ရှေ့ဖုံးမှ**

စက်ရုံများအတွင်း ဆက်သွယ်သည့်ကားလမ်းများကို ပေ ၃၀ အကျယ်ရှိသည့် ကားလမ်းများဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ကျွမ်းကျင်သူများရရှိရေးအတွက် အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများသို့ ပညာသင်များစေလွှတ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ခေတ်မီသံရည်ကျို၊ စက်ခုတ်စားစက်ရုံများတည်ဆောက်ရာတွင် အချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စက်မှုထုတ်ကုန်များ**

ထို့နောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မန္တလေးစက်မှုဇုန်သည် စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စိတ်ဓာတ်အခြေခံကောင်းကောင်းဖြင့် ညီညီညွတ်ညွတ်ဆောင်ရွက်လျက်ရှိသည့် စက်မှုဇုန်ဖြစ်ကြောင်း၊

မန္တလေးစက်မှုဇုန်နည်းတူ တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့၌လည်း ခေတ်မီသံရည်ကျိုနှင့် စက်ခုတ်စားစက်ရုံများကို တည်ဆောက်လျက်ရှိသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မန္တလေးစက်မှုဇုန်(၁)ရှိ UD Group စက်ရုံသို့ သွားရောက်ကြပြီး ရေးဦးစွာ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်အဖြစ် ပြောင်းလဲရာတွင် အသုံးပြုနိုင်ရန် မန္တလေးစက်မှုဇုန်ကထုတ်လုပ်ထားသည့် စက်ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်အဖြစ် စမ်းသပ်ပြောင်းလဲထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

**စမ်းသပ်ပြေးဆွဲ**

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား UD Group မှ Chief Executive Officer ဦးခင်မောင်ဝင်းက သဘာဝဓာတ်ငွေ့သုံး ဘတ်စ်ကားအဖြစ် ပြောင်းလဲထားမှု၊ မန္တလေးမြို့ မြောက်ပြင်ရပ်နှင့် စက်မှုဇုန်ကြား စမ်းသပ်ပြေးဆွဲနေမှုများကို ရှင်းလင်းပြသသည်။



**စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြင်းခြံစက်မှုဇုန်တွင် စက်မှုလက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

တည်ဆောက်လျက်ရှိသည့် ခေတ်မီသံရည်ကျိုစက်ရုံများ အပါအဝင် စက်မှုလုပ်ငန်းများကို စည်းစနစ်ကျနစွာဖြင့် ကြိုးစားဆောင်ရွက်က မန္တလေးစက်မှုဇုန်၏ဖွံ့ဖြိုးတိုးတက်မှုမှာ မြန်ဆန်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အားပေးပံ့ပိုးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ထယ်သွား၊ ထွန်သွားများ၊ မော်တာအိုးနှင့်အဖုံးများ၊ ဒိုင်နမိုအိုးနှင့်အဖုံးများ၊ ထော်လာဂျီသုံးဝင်ရိုး၊ ဟက်၊ ဘရိတ်လိုင်နာများ၊ အဆောက်အအုံများတွင်အသုံးပြုမည့်သံချောင်းများ၊ စက်မှုလက်မှုနှင့် လယ်ယာသုံးပစ္စည်းများတွင်အသုံးပြုသွားမည့်သံထည်ပစ္စည်းများစသည့် ခေတ်မီသံရည်ကျိုနှင့် စက်ခုတ်စားစက်ရုံများက ထုတ်လုပ်ပေးသွားနိုင်မည့်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ၈၅ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည့် Machine Shop(1) ကိုကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် Machine Shop(2)၊ Forging Shop & Heat Treatment၊ Foundry Shopနှင့် Ware Houseတို့တည်ဆောက်လျက်ရှိသည့် အခြေအနေများ၊ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**၆၃ ရာခိုင်နှုန်းပြီးစီး**

မန္တလေးစက်မှုဇုန်၌ ခေတ်မီသံရည်ကျိုနှင့် စက်ခုတ်စားစက်ရုံများကို တည်ဆောက်လျက်ရှိရာတွင် စက်ရုံအားလုံး၏ တည်ဆောက်မှုမှာ စုစုပေါင်း ၆၃ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ရှင်းလင်းပြသမှုများနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို အားပေးမှာကြားပြီး CNG သုံး ဘတ်စ်ကားအဖြစ် ပြောင်းလဲတပ်ဆင်ထားမှုများကို အသေးစိတ် ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အောင်နိုင်သူစက်မှုလက်မှုသို့ သွားရောက်ကြပြီး သံရည်ကျိုလုပ်ငန်းဆောင်ရွက်နိုင်မှုများ၊ သံရည်ကျိုလုပ်ငန်းအတွက် ကုန်ကြမ်းစုဆောင်းထားမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

**ရှင်းလင်းပြသ**

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ထုတ်လုပ်ထားသည့် ရေစုပ်ပန့်အမျိုးမျိုးနှင့် စက်မှုလက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ သံမဏိတုံးများ၊ လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ စက်မှုလက်မှုလုပ်ငန်းပိုင်ရှင်ဦးအောင်ဆန်းက ရှင်းလင်းပြသသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့မှ မြင်းခြံမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်တင်ဦးလွင်၊ မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မြင်းခြံမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကြပြီး ရေးဦးစွာ Audio Room ၌ ခေတ်မီသင်ထောက်ကူပစ္စည်းများကိုအသုံးပြု၍ ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စကားပြော အပြန်အလှန်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ Audio Visual Room နှင့် Computer Skills Room တို့၌ ဘာသာရပ်အလိုက် သင်ခန်းစာများကို ဆရာမများ၏ ကြီးကြပ်မှုဖြင့် ကျောင်းသား ကျောင်းသူများ လေ့လာသင်ယူနိုင်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် Computer Aided Instruction Room၌ ကျောင်းသားကျောင်းသူများ ခေတ်မီသင်ထောက်ကူပစ္စည်းများအား လက်တွေ့အသုံးပြုဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ပန်းချီအနုပညာခန်းကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်များအခြေအနေ၊ အတန်းများဖွဲ့စည်းထားရှိမှု၊ ကျောင်းသုံးပရိဘောဂများ အခြေအနေနှင့် အတန်းအလိုက် စာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ကျောင်းအုပ်ကြီးဦးမြင့်ကိုနှင့် ဆရာဆရာမများက ရှင်းလင်းပြသကြသည်။

**ပူးပေါင်းအကောင်အထည်ဖော်**

ထို့နောက် ကျောင်းခန်းမ၌ မြင်းခြံမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအတွက် ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများလှူဒါန်းခြင်းအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံပညာရေး ကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရည်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် နိုင်ငံတော်တစ်ဝန်း အကြားအလပ်မရှိ မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်ပေးနေမှု အခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်မှုကြောင့် နယ်မြေဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများနှင့် မြင်းခြံဒေသဖွံ့ဖြိုးရေးကိုလည်း နိုင်ငံတော်၊ ဒေသခံပြည်သူများနှင့် ဝန်ထမ်းများ ပူးပေါင်းအကောင်အထည်ဖော်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြား နှုတ်ဆက်သည်။

ဆက်လက်၍ ကျောင်းအုပ်ကြီး ဦးမြင့်ကိုက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖြစ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှု၊ ခေတ်မီ သင်ထောက်ကူပစ္စည်းများ ပိုမိုပြည့်စုံရေး၊ စာသင်ခန်းများ လုံလောက်ရေးတို့အတွက် ဆရာဆရာမများ၊ မိဘများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက ဆက်လက်ကြိုးပမ်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ကျောင်းဆောင်သစ်ဆောက်လုပ်နိုင်ရေးနှင့် ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းနိုင်ရေးအတွက် အလှူငွေပေးအပ်ခြင်း အစီအစဉ်ကိုကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အလှူငွေများကို တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျော်သာကုမ္ပဏီလီမိတက်နှင့် Asia Metal Co.,Ltd.မန်နေဂျင်းဒါရိုက်တာ ဦးဝင်းလွင်၏ လှူဒါန်းငွေကျပ် သိန်း ၁၀၀ ကို အလှူရှင် ကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်ထံ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် ဆရာဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခုတင်(၁၀၀)ဆံ့ မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ရာ ခရိုင်ဆရာဝန်ကြီး ဦးမောင်မောင်လှနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

**ဓာတ်မှန်ဆောင်စစ်ဆေး**

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ကလေးလူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ကုသလူနာဆောင်၊ ဓာတ်မှန်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နှစ်ထပ်ဆေးကုသဆောင်ဆောက်လုပ်ရန် လျာထားသည့်နေရာကို ဒုတိယဝန်ကြီးဒေါက်တာမြဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

**လုပ်ငန်းရှင်များတွေ့ဆုံ**

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နံနက်၁၀နာရီတွင် မြင်းခြံစက်မှုဇုန်ခန်းမ၌ မြင်းခြံခရိုင်နှင့် မြင်းခြံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမြင့်စိုးက မြင်းခြံစက်မှုဇုန်၏တည်နေရာ၊ စက်မှုလက်မှုလုပ်ငန်းရှင်များအား နေရာချထားပေးခဲ့မှု၊ စက်မှုဇုန်၌လျှပ်စစ်မီးရရှိရေး၊ တယ်လီဖုန်းရရှိရေး၊ ရေရရှိရေးဆောင်ရွက်ချက်များ၊ ချည်မျှင်လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ စက္ကူနှင့်အထွေထွေစက်မှုလုပ်ငန်းများ အပါအဝင် စက်ရုံအလုပ်ရုံ ၃၀၀ ကျော် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**တီထွင်ကြံဆ**

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြင်းခြံစက်မှုဇုန်ပိုမိုဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို မေးမြန်း၍ အခြားစက်မှုဇုန်များနှင့်အတူ ရင်ပေါင်တန်းလိုက်နိုင်အောင် တီထွင်ကြံဆ ကြိုးစားကြရန်မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြင်းခြံစက်မှုဇုန်မှ စက်မှုလက်မှုလုပ်ငန်းရှင်များ ထုတ်လုပ်ထားသည့် ကွန်ပရက်ဆာနှင့် ဆက်စပ်ပစ္စည်းများ၊ ရေခရု(ရေပန့်)၊ ပစ္စတင်များ၊ ဇီဝမြေသြဇာများကို ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ မြင်းခြံစက်မှုဇုန်ထုတ် မော်တော်ကား အမျိုးမျိုးကိုလည်းကောင်း၊ ပြောင်းရိုးစဉ်းစားခုံ၊ သိပ္ပံထည်၊ အမှုန့် ကြိတ်စက်၊ ဆီကြိတ်စက်၊ လက်တွန်းထွန်စက်၊ စပါးနှင့်သီးနှံအမျိုးမျိုးခြွေလှေ့စက်များ၊ လယ်ယာနှင့်စက်မှုလုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြင်းခြံစက်မှုဇုန်ရှိ ဦးအေးမောင်သံရည်ကျိုနှင့် စက်မှုလက်မှုလုပ်ငန်း၊ ဦးချစ်ဦး သံရည်ကျိုနှင့် ဓားစက်ခုံလုပ်ငန်းတို့ကို သွားရောက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် နံနက်၁၁နာရီခွဲတွင် မြင်းခြံမြို့မှ ရဟတ်ယာဉ်ဖြင့်ထွက်ခွာကြပြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်မကြီး စိမ်းလန်းစိုပြည်မှု အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုကြသည်။

**(သတင်းစဉ်)**



မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြင်းခြံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအတွက် ပညာရည်မြင့်မားရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားတွင် ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေးနှင့်ပညာရည်မြင့်မားရေး အထောက်ကူပြုပစ္စည်းများ ဖြည့်ဆည်းနိုင်ရေးအတွက် အလှူငွေများကို တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# မိုင်းနောင်မြို့နယ်မှဌာနဆိုင်ရာများနှင့်ဒေသခံပြည်သူများပူဇော်ရန် ဗုဒ္ဓရုပ်ပွားတော် ၁၀၈ ဆူ ပင့်ဆောင်လွှဲပြောင်းပေးခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းနောင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများ ပူဇော်ကိုးကွယ်ရန်အတွက် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီးဗိုလ်ချုပ်မိုးဟိန်းနှင့် ဇနီး ဒေါ်ခင်သန့်စင်မြင့်တို့က ဒါနပြုပေးပို့လှူဒါန်းသည့် ဗုဒ္ဓရုပ်ပွားတော် ၁၀၈ဆူ ပူဇော်ပင့်ဆောင်လွှဲပြောင်းပေးခြင်း အခမ်းအနားကို အောက်တိုဘာ၄ရက် နံနက်ပိုင်းတွင် မိုင်းနောင်မြို့ မင်္ဂလာရန်အောင်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ပင့်သံဃာဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ မိုင်းနောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး မင်္ဂလာရန်အောင်ကျောင်းဆရာတော် ဘဒ္ဒန္တဇေယျာဇိဋ္ဌိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ် ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့် ဇနီး ဒေါ်ခင်သန့်စင်မြင့်တို့၏ကိုယ်စား မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီး ဒေါ်သင်းမျိုးမျိုးအောင်တို့က ဗုဒ္ဓရုပ်ပွားတော် ၁၀၈ ဆူအား မိုင်းနောင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ပူဇော်ကိုးကွယ်ရန်အတွက် ပင့်ဆောင်လွှဲပြောင်းပေးသည်။

ယင်းနောက် ဆရာတော် ဘဒ္ဒန္တဇေယျာဇိဋ္ဌိထံမှ အနုမောဒနာတရားနာကြားကာ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း ရုပ်သိမ်းလိုက်သည်။

**နေ့ဆွမ်းဆက်ကပ်**

အခမ်းအနားအပြီးတွင် မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မြင်းခြံမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ သင်ထောက်ကူပစ္စည်းများဖြင့် သင်ယူလေ့လာနေမှုများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

## ပေးအပ်လှူဒါန်း

မြင်းခြံမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရေးနှင့် ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းနိုင်ရေးအတွက် ကျော်သာကုမ္ပဏီလီမိတက်နှင့် **Asia Metal Co., Ltd.** မန်နေဂျင်းဒါရိုက်တာ ဦးဝင်းလွင်၏ လှူဒါန်းငွေကျပ် သိန်း၁၀၀ကို အလှူရှင်ကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)




## စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။


## ကနောင်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲ

**ရန်ကုန် အောက်တိုဘာ ၁၀**

ဆုထူးပန် ကျောင်းတိုက်များ၏ ပဓာနနာယက ဘဒ္ဒန္တသလ္လာအရှင်ပဏ္ဍိအား ဦးဆောင်ပဓာနပြု၍ ကနောင်အသင်း(ရန်ကုန်)မှ အသက်(၇၅) နှစ်နှင့်အထက် အသင်းဝင်များ သို့မဟုတ် အသင်းဝင်များ၏ အမိအဖများအား သက်ကြီးပူဇော်ပွဲကျင်းပခြင်းနှင့် အသင်းဝင်များ၏ ၂၀၀၃-၂၀၀၄ခုနှစ် ဂုဏ်ထူးရ သားသမီးများ ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၁၁ရက်(စနေနေ့) မွန်းလွဲ၁နာရီတွင် အမှတ်၁၅ နတ်မောက်ရိပ်သာလမ်း ဆုထူးပန်ကျောင်းတိုက်တွင် ပထမအကြိမ်အဖြစ် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် စိတ်ဝင်စားသူ ကနောင်နယ်သားများ တက်ရောက်နိုင်ကြောင်းသိရသည်။

အသေးစိတ်သိရှိလိုပါက ဦးစိုးထွေး(ဥက္ကဋ္ဌ)၊ ဦးခင်မောင်ဦး(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၂၂၁၀၂၉၊ ၅၈၀၈၂၇၊ ဦးတင်ဝင်း (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၂၂၁၃၇၄၊ ဦးချစ်ထွေး (အတွင်းရေးမှူး) တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

### ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအကြို ဂုဏ်ပြုဆောင်းပါး

# ဂီတနယ်မှ အနှစ်ရသ

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ခြိမ့်ခြိမ့်သဲကျင်းပတော့မည်။

မနှစ်က ဧကာဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဂုဏ်ပြု **"ယဉ်ကျေးမှုအမွေ လက်ဆင့်ကမ်းနိုင်ကြပါစေ"** ဆိုသည့် သတင်းဆောင်းပါးကို ကျွန်တော်ရေးသားတင်ပြခဲ့သည်။ အသက် ၆၀ကျော် ပင်စင်ယူပြီးချိန် မနှစ်ကမှစ၍ အော်ဂင်အတီးပညာကို ထံတျာတေရှင်မှ အစပြုပြီး သင်ခဲ့ကြောင်း၊ ယဉ်ကျေးမှုအမွေကို လက်ဆင့်ကမ်းနိုင်ရန်ဆိုလျှင် ကိုယ်ကိုယ်တိုင်က တတ် မြောက်မှဖြစ်မည်ဆိုပြီး ကြိုးကြိုးစားစား သင်လျက်ရှိပါကြောင်း လူငယ်တို့ကိုအားပေးစကားဆိုခဲ့သည်။ ယခု ကျွန်တော်၏ ဂီတပညာလေ့လာသင်ကြားမှု တစ်နှစ်ရှိလာသောအခါ ဂီတနယ်မှ အနှစ်ရသ၊ အနုပညာနယ်ပယ်၏ ကျယ်ဝန်းပုံ၊ တန်ဖိုးကြီးမားပုံများကို သိမြင်ခံစားလာရပါတော့သည်။ သိမြင်ခံစားလာရသည့် အတိုင်းလည်း ရေးသား တင်ပြလာချင်ရပြန်သည်။ အသက်အရွယ်ကြီးမှ ဂီတကိုစတင်လေ့လာ သင်ယူမိသော သက်ကြီးရွယ်အိုတစ်ယောက်၏ မျိုးဆက်သစ်များသို့ အားပေးစကားဟုလည်း ဆိုနိုင်ကောင်းပါ၏။

Art ဆိုသော အနုပညာ၏ သဘောက လွန်စွာမှ ကျယ်ပြောလှပါ၏။ အနုပညာဆိုတာ အလှအပတစ်ခုကို ဖန်တီးခြင်း၊ တီထွင်မှုတစ်ရပ်၊ ကျွမ်းကျင်မှု အတတ်ပညာတစ်ခု၊ ထုတ်လုပ်မှုတစ်စုံတစ်ရာ၊ ဖော်ပြမှုနယ်ပယ် တစ်ခုစသော အဓိပ္ပာယ်များရှိနေသည်။ ကျွမ်းကျင်မှုအတတ်ပညာ၊ ဖန်တီးနိုင်မှုစွမ်းရည်ရှိသော နေရာတိုင်းမှာ အနုပညာရှိနေသည်။ သင်ကြားမှုပညာရပ်များတိုင်းတွင် အနုပညာပါနေသည်။ သို့သော် အနုပညာကို လူတို့အကျိုးရှိအောင် အသုံးချနိုင်မှ အနုပညာမည်ပေမည်။ ဥပမာအားဖြင့် Military Art ဆိုသည့် စစ်တိုက်ခြင်းပညာရပ်ကို ပြည်သူ့အကျိုးအတွက်၊ ငြိမ်းချမ်းရေးအတွက်၊ စစ်တားဆီးရေးတွေအတွက်၊ နယ်ချဲ့ဆန့်ကျင်ရေးတွေအတွက် အသုံးချမှ အနုပညာဟု ဆိုနိုင်လေသည်။ တကယ်တော့ အနုပညာမြတ်နိုးသူဟူသည် အကြမ်းဖက်ဝါဒကိုမလိုလား၊ စစ်ကိုမုန်းတီး၊ မတရားမှုတို့ကို ဆန့်ကျင်သူတို့သာဖြစ်သည်။ ထို့ကြောင့် အနုပညာမြတ်နိုးစိတ်ရှိသူသည် သိမ်မွေ့နူးညံ့သူ၊ လိမ္မာယဉ်ကျေးသူ၊ ဖြူစင်ဖြောင့်မတ်သူ၊ တတ်ပွန်ကျွမ်းကျင်သူများ ဖြစ်နေတတ်လေသည်။

အနုပညာတွင် လူတို့ စွဲမက်အောင် စွမ်းဆောင်နိုင်သော စွမ်းအားအပြည့်ရှိနေသည်။ မည်သည့်နယ်ပယ်တွင်မဆို အောင်မြင်လိုလျှင် အနုပညာကို ရောစွက်အသုံးပြုရလေသည်။ အနုပညာပိုမိုအသက်ဝင်လေ ပိုမိုအောင်မြင်လေဖြစ်၏။ ကြော်ငြာလုပ်ငန်းများတွင်လည်း Advertising Art ဆိုသည့် ကြော်ငြာအနုပညာပါရသည်။ အနုပညာဆိုသည့် အတတ်မပါလျှင် မထိရောက်နိုင်။ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ အားကစားစသည့် နယ်ပယ်အားလုံးတွင် အနုပညာသုံးရသည်။ မြန်မာ့ခြင်းလုံးခတ်ခြင်းပညာတွင် အားကစားနှင့် အနုပညာ ရောစွက်ထားလေသည်။ ဖန်တီးထုတ်လုပ်ဖော်ပြသည့်အတတ်မှန်သမျှ အနုပညာချည်းသာတည်း။ အနုပညာပါမှ ပျော့ပျောင်းနွဲ့နှောင်းမည်။ အနုပညာမပါက ထောင့်တင်းရိုးစိုး၍ နေပေလိမ့်မည်။ ရာဇဝင်ဒြာနတ်တဂိုးက ကျောင်းပညာရေးတွင် အနုပညာ၏ စွမ်းအားမပါလျှင် မအောင်မြင်နိုင်ဆိုပြီး သူတည်ထောင်သော ကျောင်းတွင် ပန်းချီပညာကို ထည့်သွင်းသင်ကြားခဲ့လေသည်။ Aesthetics ဆိုသည့် အလှအပကို မြတ်နိုးစေရန်ရှိတိုင်း ပန်းချီ၊ ပန်းပုဆိုသည့် ပန်းဆယ်မျိုးပညာ၊ အဆို၊ အက၊ အရေး၊ အတီးဆိုသည့် အနုပညာအင်အားစုများသည် စွမ်းအားကြီးမားစွာ ပါဝင်နေလေသည်။

ယခုအခါ ပညာရေးတွင် Multi Media ခေါ်သည့် ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်ပေးနေခြင်းသည် ကလေးများကို နည်းမျိုးစုံဖြင့် ချဉ်းကပ်သင်ကြားပေးသည့်စနစ်ဖြစ်သည်။ ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းဖွင့်ပွဲများတွင် ဘုရားဝတ်ပြုခန်း၊ Printed Media ဆိုတဲ့စာကြည့်ခန်း၊ ကွန်ပျူတာလေ့ကျင့်နေသောအခန်းများ၊ Language Lab; Computer Aided Instruction; e. Mail စသည့် လေ့ကျင့်ခန်းများ၊ ပန်းချီခန်း၊ အိမ်တွင်းမှုသိပ္ပံခန်း၊ အဆို၊ အက၊ ဂီတရသခန်းများဆိုပြီး ဖွင့်လှစ်ကြသည်။ မာလ်တီမီဒီယာဆိုသည်မှာ နည်းမျိုးစုံသုံးခြင်းကို ဆိုလိုသည်။ နည်းမျိုးစုံဆိုသည်မှာ အနုပညာမျိုးစုံဖြင့် ချဉ်းကပ်သင်ကြားခြင်းဖြစ်သည်။

ကျွန်တော်တို့ ငယ်စဉ်ကလည်း ကျွန်တော်တို့ဆရာ ဆရာမကြီးများက နည်းမျိုးစုံသုံး၍ ကျွန်တော်တို့ ပညာမတတ် တတ်အောင် သင်ကြားပေးခဲ့သည်များကို မှတ်မိနေမိသည်။ ဟိုး–တစ်ချိန်တုန်းက ရေတာရှည်ဆိုတဲ့ မြို့လေး၏ စာသင်ကျောင်း၊ စာသင်ခန်းတစ်ခန်းတွင် ကျွန်တော်တို့ ငယ်ငယ် မူလတန်းအရွယ်မှာ ဆရာမကြီး ဒေါ်သိန်းသိန်းပြောပြသော သုခနေ ဒွေးမယ်နော်ပုံပြင်ကို ကျွန်တော် ယနေ့တိုင် မမေ့နိုင်ခဲ့ပါ။ ငယ်စဉ်ကဆို တိမ်ဆိုင်တိမ်လိပ်တွေကြားထဲက ကိန္နရီမောင်နှံများ ထွက်ပေါ်လာလေမလား ဆိုပြီး မိုးကောင်းကင်ကို မော့ကြည့်ခဲ့ရတာအမော။ ဆရာမကြီးပြောပြသော ကိန္နရီမောင်နှံ သစ္စာပုံပြင်က ကျွန်တော်တို့ နှလုံးသားထဲမှာ သစ္စာတရားတွေ စွဲနစ်ကျန်ခဲ့၏။ ပုံပြောကောင်းခြင်း အတတ်ပညာသည်ပင် The Art of Conversation ဆိုတဲ့ အနုပညာတစ်ရပ်ပေပဲ။

## တက္ကသိုလ်လှမောင်

နောက် မှတ်မှတ်ရရတစ်ခုက ကျွန်တော်တို့ မူလတန်းအရွယ် ကျောင်းကပွဲတစ်ခုမှာ ကျွန်တော်တို့၏ သူငယ်ချင်း ကျောင်းသူမလေး မသင်းသင်း ဆိုသွားသော သီချင်းစာပိုဒ်လေးတစ်ခု ယနေ့တိုင် မမေ့နိုင်ပါ။

**"ထို့နောက် တစ်ဖန် ×× ဇနက္ကမင်း ကျပြန်တော့ ×× လှံ့လကိုပြုတယ်×× သမုဒ္ဒရာကိုကူးတယ်× ×"**

နှစ်ပေါင်း၅၀ကျော်ခဲ့ပါပြီ။ ယနေ့တိုင် မြင်ယောင်ကြားယောင်နေသည်ဆိုတော့ အနုပညာ၏စွမ်းပကား ဘယ်လောက်ကြီးမားနေပါပြီလဲ။ ကျွန်တော်ယခု ဂီတသင်သည့်အခါ ထိုသီချင်းပိုဒ်ကလေးကို ရှာကြည့်မိရာ "တေ ဇ သု နေ မ" ဆိုသော ဓမ္မတေးလေးထဲတွင် သွားတွေ့ပါသည်။ အလောင်းတော်မဟာဇနက္ကမင်း၏ လုံ့လဝီရိယတော်ကို ဖွင့်ဆိုလှစ်ကျူးလို့ ထားသည်။

အဆို၊အက၊အရေး၊အတီး ပညာရပ်များသည် သိမ်မွေ့ခက်ခဲ နက်နဲလှပါသည်။ အရေးပညာရပ်က သီကုံးရင့်ကျူးလိုက်သည့် စာသားသံစဉ်လေးများအတိုင်း အဆိုလေးက ငြိမ့်ငြိမ့်ညောင်း၊ အကလေးက နွဲ့နွဲ့နှောင်း၊အတီးလေးက ညွတ်ညွတ်ပျောင်းနှင့် လိုက်ဖက်တင့်ပါဘိ။ မျက်စိပသာဒ နားဝင်စိမ့်စိမ့်ရင်ဝယ်သိမ့်သိမ့်ဖြစ်အောင် စွမ်းဆောင်နိုင်ကြပါပေ၏။ ထို့ကြောင့် အရေးပညာမှာလဲ အရေးကြီးလှပါ၏။ ဦးပြုံးချို၊ နန်းတော်ရှေ့ဆရာတင်၊ ရွှေတိုင်ညွန့်၊ မြို့မငြိမ်း စသည်ဖြင့် များလှစွာသော ဂီတစာဆိုတို့ကား ချီးကျူးဂုဏ်ပြု၍ပင် မကုန်နိုင်ပါ။ မဟာဂီတ၊ သီချင်းကြီး၊ ဓမ္မတေးသီချင်း၊ ခေတ်ဟောင်းကာလပေါ် တေးစပ်ဆိုခဲ့သူများ၏ ဂုဏ်ကျေးဇူးကား ဖော်ပြ၍ ကုန်နိုင်အံ့မထင်ပါ။ ထိုနည်းတူ ဦးအောင်ဗလ၊ ဦးစိန်ကတုံး၊ ဦးအောင်မောင်း၊ ဦးစိန်အောင်မင်း၊ ရွှေမန်းတင်မောင်စသူတို့၏ ဆန်းသစ်လှပသည့် အကများ၊ အဆိုများ၊ ဦးစိန်ဗေဒါ၏ ကွန့်လှ၊ ညွန့်လှသည့် တီးကွက်များကလဲ မော်ကွန်းဝင် အကျွရာတင်၍ ကျန်ခဲ့ပေပြီ။

ဤအရာအားလုံးတို့သည် ကျွန်တော်တို့၏ ယဉ်ကျေးမှု တစ်မူထူးခြား၍ တန်ဖိုးလဲမဖြတ်နိုင်၊ အစားမထိုးနိုင်၊ မည်သည့်အရာနှင့်မျှ အပေးအယူမလုပ်နိုင်။ ကျွန်တော်တို့၏ ကိုယ်ပိုင်ပစ္စည်း၊ ကိုယ်ပိုင်အမွေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုတွေပဲဆိုတော့ ဘယ်လိုမှအထိမခံနိုင်၊ အဖျက်ဆီးမခံနိုင်၊ သရုပ်ပျက်တို့၏ ရောစွက်မှုမခံနိုင်။

ကျွန်တော်သည် မဟာဂီတဝင် သီချင်းကြီးများကို နားထောင်ကြည့်မိသည်။ ကြိုး၊ဘွဲ့၊ သီချင်းခံ၊ပတ်ပျိုး၊ ယိုးဒယား တစ်ကယ့်အဖိုးတန် ရတနာတွေပါလား။ ထူးမခြားနားသီချင်းကြီးကို ကြည်ညိုပူဇော်မိသလို လျှပ်ပန်း ခွေနွဲ့ကလဲ ကြက်သီးမွေးညင်း ထလောက်ပါ၏။ ချစ်သမျှကိုက ချစ်ဖွယ် သင်္ဂါရရသဂုဏ်နှင့် ပြည့်စုံပါ၏။ ဘုန်းတော်ဘွဲ့၊ မြို့ဘွဲ့၊နန်းဘွဲ့၊ကန်ဘွဲ့၊အင်းဘွဲ့များကလဲ လွမ်းမောလောက်ဖွယ်ရာ၊ သီချင်းစာသားများကလဲ နွဲ့နှောင်း၊ လှပ၊ သစ်ဆန်း၊ အံ့မခန်း။ ကာလပေါ်တေးတွေ မည်မျှပင်ဆန်းဆန်း သီချင်းကြီးနယ်ပယ် အသုံးအဖွဲ့ထဲက မလွတ်နိုင်ကြပါ။

တေဘုမ္မာ သီချင်းကြီးကို ကြားလိုက်ရသည့်အခါ ပိဋကတ် စာအုပ်ကြီးဖတ်လိုက်ရသလို ကြက်သီးတဖြန်းဖြန်း ထမိရပါသည်။

**"ရှက်စရာတွေးတော့ သမုဒယပါ ××မဂ္ဂါဆေးနှင့် ကုရမှာ×× လက္ခဏာရေးဖြင့် ရှုကြပါ××"**

မှန်လိုက်လေ၊ နက်နဲလိုက်လေ။ သမုဒယဆိုတဲ့ စွဲမက်ခြင်း သံယောဇဉ်ကြိုးများ တုပ်နှောင်ခံနေရ၍ မလှုပ်နိုင်၊ မရှားနိုင်တဲ့ဘဝဟာ ဝမ်းနည်းစရာပါလား၊ ရှက်စရာပါလား။ ဒီခန္ဓာကြီးက ပြနေတဲ့ ဒုက္ခသစ္စာ အမှန်တရားတွေကို မဂ္ဂဆေး မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားဖြင့် ကုကြရမှာပါလား၊ သီချင်းနားထောင်ရင်း တရားဓမ္မတွေ ပျံ့နှံ့စိမ့်ဝင်သွားပါ၏။ သီချင်းတစ်ပုဒ်လုံး တရားအဆီအနှစ်တွေချည်းပါပဲလား။

ဓမ္မပူဇာတေးတွေကလဲ အနှစ်သာရအပြည့်။ အနုပညာဆိုသည် ခံစားရုံသက်သက်မဟုတ်ပါ။ အကျိုးပြုနိုင်ပါမှ အနုပညာအစစ်ပါ။ ကျွန်တော်ဖြင့် မြတ်ရွှေတိဂုံ၊ ရောင်တော်ဖွင့်၊ သတ္တဌာန၊ မေတ္တာဂုဏ်စသည့် ဓမ္မတေးများကို နားထောင်မိရင်း ကြည်ညိုစိတ်တွေမှာ နစ်မျော၊ ချမ်းမြေ့ခြင်းများနှင့်အတူ လွတ်လပ်ပေါ့ပါးနေမိပါတော့သည်။ အချို့ဓမ္မတေးများက ဗုဒ္ဓဝင်အချက်အလက်များ၊ ကိန်းဂဏန်းများ၊ မှတ်ရမလွယ်သည့် အကြောင်းများကို နှလုံးသားထဲအရောက် ပို့ဆောင်ပေးထားပါတယ်။ ဥပမာ–

**"ထိုအခါ လက်ပစ်တစ်တွက်ဟာ ×× ကုဋေတစ်သိန်း ချုပ်ငြိမ်းလေတာ အမှန်ပါ ×× (စိတ် စိတ်ဆိုတာမြန်စွာ)၂"** (စိတ်–ဓမ္မတေးမှ)။

**"ငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူ ×× နိဗ္ဗူဇိနေ"** (သမ္ဗုဒ္ဓေ ဓမ္မတေးမှ)။

**"အင်ကြင်းပျိုနှစ်ပင်ကြား၊ ဘုရားမြတ်သည်xx တရားမြင်ကာတွေ့xx အင်္ဂါနေ့ မှာသာအတည် x x ခေမာပြည်မြန်းကြွတော့သည်xx"**

(ကုသိနာရုံ ဓမ္မတေးမှ)။

ကျောင်းတော်ရာ ဓမ္မတေးကို နားထောင်မိသောအခါ ဇေတဝန်ကျောင်းတော်ကြီးနေရာသည် ဝိပဿီဘုရားရှင်မှစ၍ ခုနစ်ဆူသော ဘုရားရှင်တို့ လက်ထက်တွင် ဘယ်ဘုရားလက်ထက် ဘယ်သူဌေးက ဒီဇေတဝန် ကျောင်းတော်ရာနေရာမှာပင် ကျောင်းတော်ကြီးများကို တည်ဆောက်ခဲ့ကြောင်း သိလိုက်ရသည့်အခါ ဇေတဝန်ကျောင်းတော်ကြီးကို ပိုမို၍စိတ်ဝင်တစားကြည်ညိုသွားမိပါတော့သည်။

**"မေတ္တာအင်ကြင်းရုံ"** ဓမ္မတေးမှာဆိုလျှင်လည်း မြတ်စွာဘုရားဖွားတော်မူရာ လုမ္ဗိနီသာမောအင်ကြင်းတောရုံအတွင်းမှာ သမင်နှင့်ကျား၊ လေးသမားနှင့်သားကောင်တို့ပင်လျှင် မေတ္တာနှောင်ဖွဲ့အပြုံးမပျက်အမုန်းမဖက်ကြပုံ၊ မေတ္တာတွေလွှမ်းခြုံ၊ ချစ်စရာအသွင်ချင်းတွေ့ဆုံနေတဲ့ မေတ္တာအင်ကြင်းရုံ စုံမြိုင်တောကြီးထဲ ကိုယ်တိုင်ရောက်သွားရသလို ခံစားကြည်နူးရပါသည်။ ဓမ္မတေးများမှ ပုလဲလုံးရွှဲလုံးများကို ဖော်ပြရလျှင် ကုန်ဆုံးအံ့မထင်ပါ။ ထို့အတူ ခေတ်ဟောင်းကာလပေါ်တေးများ၊ မေတ္တာဘွဲ့သီချင်း၊ အားမာန်ကိုဖွဲ့သောသီချင်း၊ အမျိုးသားရေး၊ ဘာသာရေး၊ လူမှုရေး၊ မျိုးချစ်စိတ်ဓာတ် အဖွဲ့အနွဲ့များ စုံလင်လှသဖြင့် ဤစာစုဖြင့် ဖော်ပြနိုင်စွမ်းမရှိတော့ပါ။

နိုင်ငံတော်က ကျင်းပနေသည့် အဆို၊အက၊ အရေး၊ အတီး၊ ပြိုင်ပွဲကြီးများတွင် အတီးမျိုးစုံပြိုင်ပွဲ၊ ရုပ်သေးပညာ၊ ဇာတ်တော်ကြီးများသရုပ်ဖော်၊ ရာမာယဏစသည့် မြန်မာ့မူပိုင်အနုပညာတို့အကြောင်းကိုဖော်ပြရလျှင် ဆုံးနိုင်အံ့ မထင်ပါ။ ပြိုင်ပွဲကြီးများကို ရည်ရွယ်ချက်ကြီးမားစွာဖြင့် ကျင်းပလာခဲ့သည်မှာလည်း ဒွါဒသမအကြိမ်ပင်ရောက်ခဲ့ပါပြီ။ ယခု ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုကြိုဆိုလိုက်ရပါတော့သည်။ ။

**ဆိုကရေးတီး၊ ပြိုင်ပွဲကြီး၊ ခိုင်ဖြိုးလျှံလျှံတက်၊**
**ဒို့ပိုင်လေရာ၊ ဒို့ဥစ္စာ၊ ဒို့သာကာကွယ်ထမ်းဆောင်လျက်၊**
**ဂီတတန်ဖိုး၊ ပြည့်ပြည့်ဖြိုး၊ ရှေ့တိုးခရီးဆက်–––။ ။**

# ရန်ကုန်–မြင်းခြံ အဝေးပြေး မော်တော်ယာဉ်လိုင်းသစ်ဖွင့်

ရန်ကုန် အောက်တိုဘာ ၁၀

**ခရီးသည်များ သက်သာစွာဖြင့် သွားလာနိုင်ရေးအတွက် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် ရန်ကုန်–မြင်းခြံ ရွှေမန်းသူ အဝေးပြေးမော်တော်ယာဉ်လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၇ရက်က မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးရှေ့ အောင်မင်္ဂလာလမ်း၌ ကျင်းပသည်။**

အခမ်းအနားတွင် ရွှေမန်းသူ ခရီးသွားပို့ဆောင်ရေးဒါရိုက်တာ(မန္တလေး) ဒုတိယဗိုလ်မှူးကြီး လွင်နိုင်ဝေနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က ဖွင့်ပွဲအထိမ်းအမှတ်အလံများ လဲလှယ်ပေးအပ်၍ ဗန္ဓုလသယ်ယူပို့ဆောင်ရေး အထွေထွေမန်နေဂျာ ဗိုလ်မှူး အောင်ကျော်စိုးက ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုငွေများချီးမြှင့်ပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် ရွှေမန်းသူ ခရီးသွားပို့ဆောင်ရေး ဒါရိုက်တာ (မန္တလေး) တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

**ထွက်ခွာ**

အဆိုပါ ရွှေမန်းသူ ရန်ကုန်–မြင်းခြံ ခရီးစဉ် လိုင်းသစ်ဖွင့်ပွဲတွင် ဗန္ဓုလမော်တော်ယာဉ်အသင်းမှ ရွှေမန်းသူ၊ ရှမ်းမလေး၊ ပုသိမ်သူ အမည်ဖြင့် တောင်ကြီး၊ မန္တလေး၊ ပုဂံ–ညောင်ဦး၊ ချောက်၊ မကွေး၊ မုံရွာ၊ ပျဉ်းမနား၊ ပုသိမ်သို့ ပြေးဆွဲသည့် အဆင့်မြင့်မှန်လုံကားကြီးများနည်းတူ ပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်–မြင်းခြံ အဆင့်မြင့်မှန်လုံကားကြီးများသည် နေ့စဉ်ညနေ ၃ နာရီတွင် ထွက်မည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

လိုက်ပါလိုသူခရီးသည်များသည် ရန်ကုန် ဖုန်း ၀၁–၅၇၉၆၅၅၊ ၅၇၃၂၅၉– တောင်ဥက္ကလာ ပါရမီ ရွှေမန်းသူ ကားဝင်းနှင့် အောင်မင်္ဂလာ အဝေးပြေး ကားဂိတ် ဖုန်း–၀၁–၆၃၉၄၅၅ လိုင်းခွဲ ၂၃၃ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(က–ပ)**



# ဝန်ကြီးချုပ်ဦးတင်ဝင်းခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ပြန်လည်ရောက်ရှိ (၅)ကြိမ်မြောက် အာရှ-ဥရောပညီလာခံ (အေဆမ်) တက်ရောက်ခဲ့



ရန်ကုန် အောက်တိုဘာ ၁၀

**ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးတင်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန်ွိုင်းမြို့တွင် အောက်တိုဘာ ၇ရက်မှ ၉ရက်အထိကျင်းပခဲ့သည့် (၅)ကြိမ်မြောက်အာရှ-ဥရောပညီလာခံ(အေဆမ်)သို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။**

## ကြိုဆိုနှုတ်ဆက်

ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးတင်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဒုတိယဝန်ကြီးဦးကျော်သူတို့အား ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာ ဖန်ဗန်ကူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များလည်း ပြန်လည်လိုက်ပါလာကြသည်။

## တက်ရောက်ခဲ့

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးတင်ဝင်းသည် အောက်တိုဘာ၇ရက်တွင် Hanoi-Daewoo Hotel၌ ကျင်းပသော အေဆမ်သို့ မြန်မာနိုင်ငံ အပါအဝင်အဖွဲ့ဝင်သစ်များဝင်ရောက်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် အာရှဘက်မှ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့နှင့် ဥရောပဘက်မှ အီးယူအဖွဲ့ဝင်သစ် ၁၀နိုင်ငံတို့သည် အဖွဲ့ဝင်သစ်များအဖြစ် ဝင်ရောက်ခဲ့ကြသည်။

## ရှင်းလင်းပြောကြား

အခမ်းအနားအပြီးတွင် လုပ်ငန်းသဘောညစာစားပွဲ၌ ဒေသတွင်း ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ဆွေးနွေးရာ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးတင်ဝင်းက မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၈ရက်နှင့် ၉ရက်တို့တွင် ကျင်းပခဲ့သော (၅)ကြိမ်မြောက် အာရှ-ဥရောပညီလာခံ၏ ဖွင့်ပွဲအခမ်းအနားနှင့် အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခဲ့သည်။ အစည်းအဝေးအပြီးတွင် Hanoi Declaration on Closer Asia-Europe Economic Partnership, Declaration on Dialogue Among Cultures and Civilizations နှင့် ညီလာခံသဘာပတိ ကြေညာစာတမ်းတို့ကို ထုတ်ပြန်ခဲ့သည်။

ဝန်ကြီးဦးတင်ဝင်းသည် ခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံဒုတိယဝန်ကြီးချုပ် မစ္စတာ ဗူခွမ်း၊ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ ဗိုဗန်ကီယက်တို့နှင့်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ အလားတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ငုယင်ဇီညံ၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ နိဘူတာကာမာချီမူရာနှင့် စင်ကာပူ သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ဂျော့ယိုးတို့နှင့် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## တွေ့ဆုံဆွေးနွေး

**မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီးချုပ်ရုံး ဝန်ကြီးဦးတင်ဝင်းနှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ ဗိုဗန်ကီယက်တို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)**



**နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ငုယင်ဇီညံတို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)**

● ကျောဖုံးမှ

နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရ မြန်မာအမျိုးသမီး ဘောလုံးအသင်းအား အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၏ ဇနီး ဒေါ်အေးအေးနှင့် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် အားကစားမောင်မယ်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် အိုးစည်ဒိုးပတ် အကအခုန်များ၊ ပန်းစည်းများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို နှုတ်ဆက်ကြသည်။

အောင်ပွဲရ မြန်မာအမျိုးသမီး ဘောလုံးအသင်းနှင့်အတူ မလေးရှားနိုင်ငံတွင် ကျင်းပသည့် အာဆီယံ ဘောလုံးအဖွဲ့ချုပ် အစည်းအဝေး တက်ရောက်ပြီး ပြန်လည်လိုက်ပါလာသည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မြန်မာ့အလင်းတွေ့ဆုံ၍ ဗိုလ်လုပွဲ ယှဉ်ပြိုင်ပုံအကြောင်း တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က "မိမိယခုပြိုင်ပွဲ ကျင်းပနေစဉ် မလေးရှားတွင် အာဆီယံ ဘောလုံးအဖွဲ့ချုပ် အစည်းအဝေး တက်ရောက်နေရကြောင်း၊ မိမိတို့ ဗိုလ်လုပွဲစဉ်နှင့် ပတ်သက်၍ ပထမပိုင်းတွင် ပယ်နယ်တီ အပေးခံရကြောင်း၊ မနှစ်က (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲတွင်လည်း အလားတူ ပယ်နယ်တီ အပေးခံရမှုမျိုးနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ ယခု ကျင်းပသည့် ဗိုလ်လုပွဲမှာ အိန္ဒိယဒိုင်လူကြီးပင် ဖြစ်ကြောင်း၊ မိမိ နောက်ပိုင်းသိရသလောက် အဆိုပါ ဒိုင်လည်း ပွဲကို အတော်လေး ထိန်းသွားကြောင်း၊ မိမိတို့ ကလေးတွေ ဗိုလ်လုပွဲမှာ သူတို့မြေ၌ နိုင်အောင်ကန်ရသည့်အတွက် ကလေးများ၏ စိတ်ဓာတ် ခိုင်မာမှုရှိ၍ အောင်မြင်မှု ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပထမဆုံးအကြိမ်ကျင်းပသည့်အာဆီယံ ပထမဆုဖလားကြီးကို မိမိကလေးတွေ ရယူပေးခဲ့သည့်အတွက် အတိုင်းအဆမရှိ ဝမ်းသာပီတိ ဖြစ်မိကြောင်း" ပြောကြားသွားသည်။

ဆက်လက်၍ အဖွဲ့ခေါင်းဆောင် ဒေါက်တာ ပင်ဒိုရာအောင်ကြီးက ပြောကြားရာတွင် "မိမိကလေးတွေ ပထမအကြိမ် အာဆီယံဆုဖလားကြီးကို ရယူပေးခဲ့၍ အမိနိုင်ငံနှင့် ပြည်သူအတွက် များစွာဂုဏ်ယူမိကြောင်း၊ မိမိအနေဖြင့်နိုင်ငံတကာ အားကစားပြိုင်ပွဲ ခုနစ်ပွဲအထိ ဦးဆောင်သွားခဲ့ကြောင်း၊ ပွဲတိုင်းအောင်မြင်စေချင်ကြောင်း၊ ယခုပြိုင်ပွဲမှာလည်း ဆီမီး ဖိုင်နယ်နှင့် ဖိုင်နယ်အထိ မိမိတို့ တက်လှမ်းနိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ မိမိကလေးတွေ ပထမဆုဖလားရအောင် စွမ်းဆောင်ပေးသည့်အတွက် မျှော်လင့်တောင့်တမှု ပြည့်ဝကြောင်း" မြန်မာ့အလင်းသို့ပြောကြားသွားသည်။

ရှေ့တန်းတိုက်စစ်မှူး မာလာဝင်းကပြောကြားရာတွင် "မိမိယခုပြိုင်ပွဲတွင် ပွဲပြည့်ပါဝင်ကစားပြီး ကိုးဂိုးသွင်းပေးနိုင်ခဲ့ကြောင်း၊ ပထမအကြိမ်အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲမှာ မိမိတို့ ပထမဦးဆုံး ပထမဆုဖလားကို ရရှိသည့်အတွက် အတိုင်းအဆမရှိဝမ်းသာပီတိဖြစ်မိကြောင်း၊ ဗီယက်နမ်အသင်းကို သူ့မြေပေါ်တွင် မိမိတို့စုစုစည်းစည်းနှင့် စိတ်ဓာတ်ခိုင်မာစွာဖြင့် အနိုင်ယူပြီး ရှုံးကြွေးကိုပေးဆပ်နိုင်သည့် အတွက် အထူးပင် ဂုဏ်ယူမဆုံးဖြစ်မိကြောင်း" ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသွားသည်။ ။ **(မြန်မာ့အလင်း)**



**"ပထမအကြိမ် အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် မိမိကလေးများ ပထမဆုဖလား ရအောင်စွမ်းဆောင်ပေးနိုင်ခဲ့သည့် အတွက် အမိနိုင်ငံနှင့် ပြည်သူ အတွက် များစွာဂုဏ်ယူမိ။"**

အဖွဲ့ခေါင်းဆောင်
ဒေါက်တာပင်ဒိုရာအောင်ကြီး
ဓာတ်ပုံမှတ်တမ်း-တင်စိုး
(မြန်မာ့အလင်း)



## မာလာဝင်း

**ဗိုလ်လုပွဲအပါအဝင် ပွဲပြည့် ကစားခဲ့ပြီး နိုင်ငံအတွက် ကိုးဂိုး သွင်းပေးသူ ရှေ့တန်းတိုက်စစ်မှူး မာလာဝင်း။**

ဓာတ်ပုံမှတ်တမ်း-
တင်စိုး (မြန်မာ့အလင်း)

## တပ်မမှူးဒိုင်း လက်ရွေ့ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၁၀

၂၀၀၄ခုနှစ် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး တံခွန်စိုက်ဒိုင်း လက်ရွေ့ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ည ၇ နာရီတွင် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်ခန်းမ၌ ကျင်းပရာ အမှတ် (၁၁)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းနှင့် ဇနီး၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

ဗိုလ်လုပွဲ ပြိုင်ပွဲများအပြီးတွင် အသင်းလိုက် ပထမရရှိသောအသင်းအား တပ်မမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းက တံခွန်စိုက်ဒိုင်းဆုကြီး ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ လက်ရွေ့ပြိုင်ပွဲကို အောက်တိုဘာ၃ရက်က စတင် ကျင်းပခဲ့ပြီး ပြိုင်ပွဲသို့ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၁သင်းမှ အားကစားသမား ၈၈ဦး ပါဝင် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများဆက်

ရန်ကုန် အောက်တိုဘာ ၁၀

၂၀၀၄ ခုနှစ် အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသည့် ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

ရန်ကုန်တိုင်း စစ်ဌာနချုပ် အားကစားကွင်း(မင်္ဂလာဒုံ)၌ ကျင်းပသောပြိုင်ပွဲတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စမ်းချောင်းမြို့နယ် ပဒုမ္မာဘောလုံးကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် တပ်မတော်(လေ)အသင်းနှင့်အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အိုင်အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန်အသင်း ငါးဂိုး-သုံးဂိုးဖြင့် ဗိုလ်စွဲ

ရန်ကုန် အောက်တိုဘာ ၁၀

၂၀၀၄ခုနှစ် အကြိမ်(၁၁၀)မြောက် အိန္ဒိယဘောလုံးအဖွဲ့ချုပ်(အရှေ့ဘင်ဂေါ)ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့တွင် ယနေ့ညနေပိုင်းက မြန်မာ(ဘဏ္ဍာ/အခွန်)အသင်းနှင့် အိန္ဒိယ(အရှေ့ဘင်ဂေါ)အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာ(ဘဏ္ဍာ/အခွန်)အသင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသည်။

ဘဏ္ဍာ/အခွန်အသင်းနှင့် အိန္ဒိယ(အရှေ့ဘင်ဂေါ)အသင်းတို့ ပွဲချိန်စေ့သည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေဖြစ်နေ၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားရာ အိန္ဒိယ(အရှေ့ဘင်ဂေါ) အသင်းက ဂိုးစတင်သွင်းယူပြီး ဘဏ္ဍာ/အခွန်မှ ကျော်သူရက ချေပဂိုးသွင်းယူနိုင်သဖြင့် တစ်ဂိုးစီ သရေပွဲ ထပ်မံဖြစ်သွားပြန်သည်။

အချိန်ပိုတွင် ဆက်လက်သရေပွဲဖြစ်နေ၍ ပယ်နယ်တီဖြင့် အဆုံးအဖြတ်ဂိုးသွင်းယူကြရာ ဘဏ္ဍာ/ အခွန်အသင်းမှထွန်းထွန်းဝင်း၊ မျိုးလှိုင်ဝင်း၊ရန်ပိုင်၊ စိုးမြတ်မင်းတို့ဂိုးဝင်ပြီး စိုးလင်းထွန်းတစ်ဦးသာဂိုးမဝင်၍ ငါးဂိုး-သုံးဂိုးဖြင့် နိုင်ပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**



# မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်ရေးစည်းဝေး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၁၀

**မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်ရေးအတွက် ဟိုတယ်များ အဆင့်အတန်းနှင့်အညီ ဝန်ဆောင်မှု အပြည့်အဝပေးရေးနှင့် ၂၀၀၅ခုနှစ် မြန်မာနှစ်သစ်ကူးသင်္ကြန်ပွဲတော်တွင် မဲခေါင်ဒေသနိုင်ငံများ ပါဝင်ပြီး စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ရေးတို့နှင့် စပ်လျဉ်းသည့် အစည်းအဝေးကို အောက်တိုဘာ ၈ ရက်က ဟိုတယ်နှင့်ခရီး သွားလာရေးလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက် အမှာစကားပြောကြားသည်။** (ဝဲပုံ)

## တက်ရောက်

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိန်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ Myanmar Marketing Committee ဥက္ကဋ္ဌ၊ ရန်ကုန်အဲယားဝေး၊ အဲယားမန္တလေး၊ ကုန်သည်ကြီးများ ဟိုတယ်နှင့် အင်းလျားကန်ဟိုတယ်တို့မှ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပါဝင်အကြံပြု ဆွေးနွေးကြသည်။ ဆက်လက်၍ e-Visaစနစ် ကျင့်သုံးဆောင်ရွက်နေမှုနှင့် သင်္ကြန်ပွဲတော်ကျင်းပရေး၊ ရှုခင်းသာယာပြည်မြန်မာ VCD ထုတ်လုပ်ရန်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် တာဝန်ခံများက ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သီတင်းကျွတ် ဝိပဿနာ ၁၅ရက်စခန်း ဓမ္မသဘင်

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အမှတ်(၆) အင်းစိန်လမ်းမကြီး မဟာစည်ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ ၁၃၆၆ခုနှစ်သီတင်းကျွတ်လဆန်း၇ရက် (အောက်တိုဘာ၂၀ရက်) ဗုဒ္ဓဟူးနေ့မှ စ၍ သီတင်းကျွတ်လပြည့်ကျော် ၆ရက် (နိုဝင်ဘာ၃ရက်) ဗုဒ္ဓဟူးနေ့အထိ ပဥ္စမအကြိမ် မဟာစည်သတိပဋ္ဌာန်ဝိပဿနာ ၁၅ရက် အထူးတရားအားထုတ်ပွဲ ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၁၉ရက် ညနေ၆နာရီတွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေး ဆရာတော် ဘဒ္ဒန္တ ဣန္ဒကာ က တရားချီးမြှင့်တော်မူမည်ဖြစ်ပြီး အောက်တိုဘာ ၂၀ ရက်မှ နိုဝင်ဘာ ၃ရက်အထိ မွန်းလွဲ၂နာရီတွင် ညောင်ကန်အေးရိပ်သာလက်ထောက် ကမ္မဋ္ဌာနာစရိယ အရှင်ဝိစာရ၊ မဟာစည်နာယကအဂ္ဂမဟာကမ္မဋ္ဌာနာ စရိယပုသိမ်ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒာသဘ၊ မဟာစည်နယ်လှည့် ဓမ္မကထိက ထီလာအရှင် ဥာဏိဿရ၊ ညောင်ကန်အေးဓမ္မကထိက အရှင်ဇဝန၊ မဟာစည်နာယက မုဒုံဆရာတော် ဘဒ္ဒန္တ ကုသလာနန္ဒ၊ မဟာစည်နယ်လှည့် ဓမ္မကထိက ထီလာအရှင်သုနန္ဒ၊ ညောင်ကန်အေးရိပ်သာ ဓမ္မကထိက မုဒုံအရှင်သုနန္ဒ၊ မဟာစည် နယ်လှည့် ဓမ္မကထိက အရှင်ကာရဏိက၊ မဟာစည်နာယက မဟာကမ္မဋ္ဌာနာစရိယ ကျောက်ပန်းတောင်း ဆရာတော် ဘဒ္ဒန္တ ကုမာရ၊ ညောင်ကန်အေးရိပ်သာ ဓမ္မကထိက အရှင်သာသန၊ အရှင်နေမိန္ဒ၊ အရှင်ကုမုဒ၊ အရှင်ဂုဏသက၊ အရှင်ပညာသိဒ္ဓိ ဆရာတော်များက နေ့စဉ်တရားဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

**လူမှုဝန်ထမ်းဦးစီးဌာန ကန်ရိပ်သာ မူလတန်းကြိုကျောင်း၏ ကျောင်းတွင်း ဉာဏစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၈ ရက်က ကျောင်း ခန်းမတွင် ကျင်းပရာ သီချင်းဆိုပြိုင်ပွဲ ဆုရရှိသူ မဝင့်နဒီကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်ဝင်းက ဆုချီးမြှင့်စဉ်။** (က–ပ)



# အထက (၂)သာကေတ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၀**

သာကေတမြို့နယ် အထက(၂) ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

၁၉၆၇ ခုနှစ်မှ ၁၉၈၄ ခုနှစ်အတွင်း လုပ်သက်သုံးနှစ်နှင့် အထက် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၅၆)နှစ်နှင့် အထက် အပူဇော်ခံ ဆရာဆရာမကြီးများ ဆက်သွယ်ကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဦးသန်းထွန်း ဖုန်း–၅၄၂၆၇၂၊ ဦးသန်းမြင့် ဖုန်း–၇၂၈၂၈၈၊ ဦးဝင်းကြည် ဖုန်း–၅၅၀၃၃၂၊ ဦးသန်းကျော်ဝင်း ဖုန်း–၅၄၁၅၀၅၊ ဦးဇော်ကြီး ဖုန်း–၅၄၇၂၁၉၊ ဒုတိယဗိုလ်မှူးကြီးသိန်းဝင်းညွန့် ဖုန်း–၀၉–၅၀–၁၅၃၀၅၊ ဒေါက်တာသောင်းဝင်း ဖုန်း–၀၉–၈၀–၂၁၆၇၁၊ ၅၄၇၀၇၂၊ ဦးမျိုးဝင်း ဖုန်း–၅၄၇၃၆၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

**နိုဝင်ဘာ၁ရက်က မော်ဘီ အထက(၂) ၂၀၀၃–၂၀၀၄ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပရာ ကျောင်းတက်ရက်မှန်ဆုရ ဆရာမတစ်ဦးအား ကျောင်းအုပ်ဆရာကြီးဦးသန်းဌေးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (က–ပ)



# အုတ်တွင်းမြို့မ အထက အာစရိယပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၁၀**

တောင်ငူခရိုင် အုတ်တွင်း မြို့မ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် အုတ်တွင်းမြို့မ အထက၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲတွင် အငြိမ်းစား ဆရာ၊ ဆရာမကြီး ၈၁ဦးတို့အား ပူဇော်ကန်တော့ကြမည်ဖြစ်ရာအာစရိယပူဇော်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဝေးရောက်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဦးခင်မောင်ဝင်း ဖုန်း–၀၅၄–၂၄၃၁၁၊ ဒေါ်စန်းမြင့် ဖုန်း–၀၅၄–၂၅၂၀၀၊ ၀၅၄–၂၄၇၀၀၊ (လိုင်းခွဲ–၇၂)၊ ဒေါ်သောင်းသောင်းဝင်း ဖုန်း–၀၅၄–၂၄၇၀၀၊ (လိုင်းခွဲ–၇၀) တို့နှင့် ဆက်သွယ်၍ အလှူငွေများ ထည့်ဝင်လှူဒါန်းကြရန်နှင့်မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။ **(၃၁၆)**



**အောက်တိုဘာ ၄ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်းအပတ်စဉ်(၇)ဖွင့်ပွဲ၊ အသင်းသူ ဝတ်စုံများပေးအပ်ပွဲနှင့် စည်းရုံးရေးဆုပေးအပ်ပွဲ အခမ်းအနားကို အသင်းခန်းမ၌ ကျင်းပရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင် ဆုချီးမြှင့်စဉ်။** (က–ပ)


# လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**


**အောက်တိုဘာ ၉ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တာမွေမြို့နယ်တွင် မြန်မာနိုင်ငံ ဆရာဝန်များအသင်း အမျိုးသမီးဆရာဝန်များအဖွဲ့နှင့် အထက(၁) တာမွေကျောင်းကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ ကျန်းမာရေးပညာပေးဟောပြောပွဲ ကျင်းပရာ အမျိုးသမီးဆရာဝန်အသင်းဥက္ကဋ္ဌ ဒေါက်တာခင်လေးကြီးက ဆယ်ကျော်သက်နှင့် ကျန်းမာရေးအကြောင်း ဟောပြောစဉ်။** (က–ပ)



# စစ်ကိုင်းတောင် ဆွမ်းဦးပုညရှင်စေတီတော်ကြီး ရွှေထီးတော်သစ်တင်လှူမည်

**ရန်ကုန် အောက်တိုဘာ ၁၀**

စစ်ကိုင်းတောင်ရိုး ဝတ်ရုံတောင်တော်၏ တောင်ထွတ်တွင် တည်ရှိသော ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး၏ ထီးတော်မြတ်ကြီးမှာ နှစ်ပေါင်းနှစ်ရာခန့် ကြာညောင်းဟောင်းနွမ်းနေပြီဖြစ်သည့်အတွက် စေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သီတဂူဆရာတော်တို့ဦးဆောင်၍ ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အသစ်တင်လှူမည်ဖြစ်ရာ ကုသိုလ်ဒါန ပါဝင်လိုကြသည့် စေတနာရှင် အပေါင်းတို့သည် ပုညရှင်စေတီတော် ဂေါပကအဖွဲ့၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သီတဂူဆရာတော်တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သတင်းကောင်း ပါးအပ်ပါသည်။



ဆွမ်းဦးပုညရှင်စေတီတော်ကြီးကို အနီးကပ်ဖူးမြော်ရစဉ်။

ဆွမ်းဦးပုညရှင်စေတီတော်ကြီးသည် ပင်းယခေတ် တစ်စီးရှင်သီဟသူမင်း လက်ထက် သက္ကရာဇ် ၆၇၄ခုနှစ်တွင် ပုညအမတ်ကြီး တည်ထားခဲ့သော စေတီတော်ကြီးဖြစ်ပါသည်။ သက်တော်နှစ်ပေါင်း ၇၀၀ခန့်ရှိပြီး ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးအမွေအနှစ်၊ သမိုင်းအမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့်အတွက် သာသနာ့သမိုင်း၊ မြန်မာ့သမိုင်းမှတ်တိုင်ကြီးတစ်ခုကို အများပြည်သူတို့ ဝိုင်းဝန်းစောင့်ရှောက်သောအားဖြင့် လှူဒါန်းနိုင်ကြပါကြောင်း နှိုးဆော်လိုက်ပါသည်။

**ဆွမ်းဦးပုညရှင်စေတီတော်ကြီး စောင့်ရှောက်ရေးဂေါပကအဖွဲ့**
**စေတီတော်ရင်ပြင် စစ်ကိုင်းတောင်ရိုး။**

# ပဲခူးမြို့ နောင်တော်ကြီး မြသာလျောင်းရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှု အလှူတော်ငွေများ ပါဝင်လှူဒါန်းနိုင်

**ရန်ကုန် အောက်တိုဘာ ၁၀**

ပဲခူးမြို့ မဇင်းရပ်ကွက် တိဿလမ်းရှိ နောင်တော်ကြီး မြသာလျောင်း ရုပ်ပွားတော်မြတ်ကြီးအား ကောဇာသက္ကရာဇ် ၃၅၆ ခုနှစ်တွင် နန်းတက်သော ပဲခူးဘုရင် မိဂါဒိပ္ပမင်းက စတင်တည်ထားကိုးကွယ်ခဲ့ပြီး ဓမ္မစေတီမင်းကြီးက ထပ်မံပြုပြင် ကိုးကွယ်ခဲ့သည်။ ယင်းရုပ်ပွားတော်မြတ်ကြီးသည် ဟောင်းနွမ်းပျက်စီးယိုယွင်းနေခဲ့ကာ အုတ်ပုံကြီးတစ်ခုသဖွယ် နောင်လာနောက်သားများ ဖူးတွေ့ခဲ့ကြရသည်။ အဆိုပါ ယင်းရုပ်ပွားတော်မြတ်ကြီးအား ၁၃၆၄ ခုနှစ် ဝါခေါင်လဆန်း ၃ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) (ယခုနိုင်ငံတော်ဝန်ကြီးချုပ်) ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်ကာ ပန္နက်တော်တင် အုတ်မြစ်တော်စီ၍ ပြန်လည်ပြုပြင် တည်ထားကိုးကွယ်ရာ၌ အလျား ပေ ၂၇၀၊ အနံ ၈၁ ပေ၊ ဥဏ်ဏှီသတော်အမြင့် ၆၃ ပေ ရှိပြီး ၁၃၆၅ ခုနှစ် ပြာဆိုလဆန်း ၅ ရက်တွင် အလယ်ဌာပနာတော် ထည့်သွင်းပူဇော်ခဲ့သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

ယခုအခါ နောင်တော်ကြီး မြသာလျောင်း ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုမှာ ပြီးစီးတော့မည်ဖြစ်သည်။ ယင်းရုပ်ပွားတော်မြတ်ကြီးတည်ရှိရာ သလွန်တော်ကို မြန်မာမှုဗိသုကာ အနုပညာလက်ရာများဖြင့် မွမ်းမံခြယ်သရန်အတွက် ရှေ့မျက်နှာစာတစ်ခန်းလျှင် ငွေကျပ် ၁၀ သိန်းဖြင့်လည်းကောင်း၊ နောက်ကျောဘက်ခြမ်း သလွန်တော်ကို တစ်ခန်းလျှင် ငွေကျပ် ခုနစ်သိန်းဖြင့်လည်းကောင်း အလှူတော်ငွေများ ပါဝင်လှူဒါန်းပူဇော်နိုင်ပါကြောင်း နှိုးဆော်ထားပြီး ဆက်သွယ်လှူဒါန်းရန် ဌာနများမှာ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမောင်မောင်ကြွယ် ဖုန်း-၀၅၂-၂၁၂၆၀၊ ဦးခိုင်အောင် (ညွှန်ကြားရေးမှူး၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန) ဖုန်း-၀၁-၆၅၁၆၇၆၊ နောင်တော်ကြီးမြသာလျောင်း ဂေါပကအဖွဲ့ ဖုန်း-၀၅၂-၂၄၂၀၆ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှေ့လုပ်ငန်းစဉ်များချမှတ်၊ ပြန်ကြားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး အဋ္ဌမအကြိမ် အာဆီယံပြန်ကြားရေးဝန်ကြီးများညီလာခံ မှတ်တမ်းအတည်ပြု

ရန်ကုန် အောက်တိုဘာ ၁၀

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံတွင် အောက်တိုဘာ ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သော အဋ္ဌမအကြိမ် အာဆီယံပြန်ကြားရေးဝန်ကြီးများညီလာခံသို့ တက်ရောက်ခဲ့သည်။**

**တက်ရောက်**

အဋ္ဌမအကြိမ် အာဆီယံပြန်ကြားရေးဝန်ကြီးများညီလာခံ အကြိုအဖြစ် ကျင်းပသော ပြန်ကြားရေးဆိုင်ရာ အရာရှိကြီးများ အစည်းအဝေးကို အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Intercontinental Hotel ၌ ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ညွှန်ကြားရေးမှူး ဦးဝင်းကြည်တို့ တက်ရောက်ခဲ့ကြသည်။

အဋ္ဌမအကြိမ် အာဆီယံ ပြန်ကြားရေးဝန်ကြီးများညီလာခံကို အောက်တိုဘာ၇ရက်နှင့်၈ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Intercontinental Hotel ၌ ကျင်းပခဲ့သည်။ အဋ္ဌမအကြိမ်ပြန်ကြားရေးဝန်ကြီးများ ညီလာခံသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံတွင် အောက်တိုဘာ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သော အဋ္ဌမအကြိမ် အာဆီယံပြန်ကြားရေး ဝန်ကြီးများညီလာခံသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)**

**အမှာစကားပြောကြား**

ညီလာခံဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီတွင် အဆိုပါဟိုတယ်၌ ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Khieu Kanharit နှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Sok An တို့တက်ရောက်ကြပြီး အဖွင့်အမှာစကား ပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အဋ္ဌမအကြိမ် အာဆီယံပြန်ကြားရေးဝန်ကြီးများညီလာခံကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ညီလာခံဦးတည်ချက်ဖြစ်သော Towards Share Prosperity and Destiny in a Peaceful, Integrated and Caring Community နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး တင်ပြသည်။

အဋ္ဌမအကြိမ် အာဆီယံပြန်ကြားရေးဝန်ကြီးများ ညီလာခံဒုတိယနေ့နှင့် နောက်ဆုံးနေ့ကို အောက်တိုဘာ ၈ ရက်တွင် အဆိုပါဟိုတယ်၌ ဆက်လက်ကျင်းပသည်။

**အတည်ပြုလက်မှတ်ထိုး**

အဋ္ဌမအကြိမ် အာဆီယံပြန်ကြားရေးဝန်ကြီးများညီလာခံတွင် အာဆီယံပူးပေါင်း ဆောင်ရွက်ရေးကဏ္ဍကို အားပေးရာတွင် မီဒီယာနှင့် သတင်းအချက်အလက်များ၏ ကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း၊ အာဆီယံပြန်ကြားရေးနှင့် ယဉ်ကျေးမှုကော်မတီဖွဲ့စည်းပုံဆိုင်ရာအကြောင်းအရာများကိုလည်းကောင်း၊ ASEAN Digital Broadcasting Cooperation ကိစ္စရပ်များကိုလည်းကောင်း၊အာဆီယံနှင့်မိတ်ဖက်သုံးနိုင်ငံ (တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ) တို့အကြား ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးပြီး ရှေ့လုပ်ငန်း စဉ်များကို ချမှတ်ခဲ့သည်။ ညနေပိုင်းတွင် အဋ္ဌမအကြိမ် အာဆီယံပြန်ကြားရေး ဝန်ကြီးများညီလာခံ အစည်းအဝေးမှတ်တမ်းကို တက်ရောက်လာကြသော ဝန်ကြီးများက အတည်ပြု လက်မှတ်ရေးထိုးခဲ့ကြကြောင်းသတင်း ရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၁-၁၀-၂၀၀၄ (တနင်္လာနေ့)**
**နံနက်ပိုင်း**

- ၇း၀၀ ၁။ အဘိဓေဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာ သနာပြုဆရာတော်ကြီးဦးဥတ္တမ သာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၀၅ ၆။ အရေးပြိုင်ပွဲ
- ၈း၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၂၀ ၈။ ထပ်ဆင့်အောင်ပွဲ ဇရာဝတီ တံတား(ဒေးဒရဲ)
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Let's Go
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Demonstration Exercises for Correct Pronunciation
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
- ၁၇း၁၅ ၆။ အကပဒေသာ
- ၁၇း၂၅ ၇။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ (ပညာရှင်အဆင့်) (အမျိုးသား၊အမျိုးသမီး)
- ၁၇း၄၀ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအဆိုအကများ
- ၁၇း၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၁၇း၅၅ ၁၀။စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၁၈း၀၅ ၁၁။ Discovery
- ၁၈း၁၀ ၁၂။နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၃၁)
- ၁၈း၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၅။ **"မေမေ့အမှား"** မြတ်ကေသီအောင်၊ တက္ကသိုလ်ဂွမ်းပုံ၊ အိမ့်ကြာဖြူ (ဒါရိုက်တာ-ကြည်စိုး)
- ၁၉း၁၅ ၁၆။ တေးဂီတအစီအစဉ်
- ၁၉း၂၅ ၁၇။ ဒွါဒသမအကြိမ် (၁၂)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆွေးနွေးခန်း(အဆိုပြိုင်ပွဲ)
- ၁၉း၃၅ ၁၈။ အထူးအထွက်တိုးစေဖို့ ဆင်းရွှေလီစပါးစိုက်ကြစို့
- ၁၉း၄၅ ၁၉။ တိုးတက်တီထွင် ရေနံချောင်းစက်မှုဇုန်တစ်ခွင် (စတား မော်တော်ဆိုင်ကယ်ထုတ်လုပ်မှု) (အပိုင်း-၂)
- ၂၀း၀၀ ၂၀။ ပြည်တွင်းသတင်း
- ၂၁။ နိုင်ငံတကာသတင်းများ
- ၂၂။ မိုးလေဝသအခြေအနေ
- ၂၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၂)



**အောက်တိုဘာ ၁၀ ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆဋ္ဌမအကြိမ် မြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများအား အလှူငွေနှင့် ပစ္စည်းများထောက်ပံ့ပွဲအခမ်းအနားကို အထက(၂) ဗဟန်းအားကစားခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်က ဘိုးဘွားများအား အလှူငွေနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။ (မြန်မာ့အလင်း)**



## မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၄၀)ပြည့် နှစ်ပတ်လည်နေ့ မြောင်းမြ၌ကျင်းပ

မြောင်းမြ အောက်တိုဘာ ၅

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၄၀)ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ ၁ရက်နံနက်က ဧရာဝတီတိုင်း မြောင်းမြခရိုင် မြောင်းမြမြို့ရဲစခန်းဝင်းရှိ ရဲကျော်သူခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်(၁) ဦးအေးဟန်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးသူတို့က အမှာစကားပြောကြားကြပြီး **(အပေါ်ပုံ)**၂၀၀၄ခုနှစ်တွင် လုပ်ငန်းစွမ်းဆောင်ရည်ဆုရ မြို့နယ်များ၊ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသောတပ်ဖွဲ့ဝင်များ၊ ရဲလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းကူညီခဲ့ကြသည့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် အရပ်သားများ ပညာရည်ထူးချွန်ဆုရရှိသည့် သားသမီးများနှင့် အသက်(၇၀)နှင့်အထက် အငြိမ်းစားရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများနှင့် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**(က-ပ)**

## အမြို့မြို့ အနယ်နယ် သတင်းများ

## ကမ္ဘာ့ဆရာများနေ့ ညောင်တုန်းမြို့တွင်ကျင်းပ

**ညောင်တုန်း အောက်တိုဘာ ၇**

ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို အောက်တိုဘာ၅ရက်က ညောင်တုန်းမြို့ အထက(၁)လှိုင်ပညာခန်းမတွင် ကျင်းပသည်။အခမ်းအနားတွင်မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းသန်းက ကမ္ဘာ့ဆရာများနေ့ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းသန်း၊အထက(၁)ကျောင်းအုပ်ဆရာကြီး ဦးဖိုးလစ်သောင်းရွှေနှင့် တာဝန်ရှိသူများက အထက်တန်း၊ အလယ်တန်းဆင့် ကမ္ဘာ့ဆရာများနေ့ စာစီစာကုံးပြိုင်ပွဲ နှင့် ကဗျာပြိုင်ပွဲများတွင်အကောင်းဆုံးဆုရသူကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

**(အောက်ပုံ)**

ဆက်လက်၍ ဂုဏ်ပြုခံဆရာကြီးသုံးဦး၏ ကိုယ်ရေးအကျဉ်းကို အမက(၁)ကျောင်းအုပ်ဆရာကြီးဦးစိုးကြည်က ဖတ်ကြားပြီး ဂုဏ်ပြုခံ ဆရာကြီးများဖြစ်သော ဦးသောင်းတင်၊ ဦးသာစိုးနှင့်ဦးကျော်သန်းတို့အားဂုဏ်ပြု လက်ဆောင်များပေးအပ်ကြသည်။ **(ဝဇက)**



## မအူပင်မြို့ ရွှေဘုန်းမြင့်ဘုရားဝန်းကျင် စုပေါင်းသန့်ရှင်း

**မအူပင် အောက်တိုဘာ ၅**

မအူပင်မြို့ သန့်ရှင်းသာယာလှပစေရေးအတွက် စက်တင်ဘာ၂၅ရက်က ရွှေဘုန်းမြင့်ဘုရား ရင်ပြင်တော်နှင့် ဘုရားဝန်းကျင်အမှိုက်သိမ်းဆည်းခြင်းနှင့် ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ယာဉ်၊ စက်ယန္တရားများဖြင့် ဝန်ထမ်းများ မြို့ပေါ်၁၂ရပ်ကွက်မှ ပြည်သူများ၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်၊ မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးတို့က လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုဆောင်ရွက်ကြသည်။

**(အောက်ပုံ) (မြို့နယ်စည်ပင်)**





## ရှင်းလင်း

**စက်တင်ဘာ၂၁ရက်က မောက်မယ်မြို့ သန့်ရှင်းသာယာလှပရေးနှင့် မိုးရာသီ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိ ဦးဆောင်၍ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ မွေတော်ရပ်ကွက် စွယ်တော်လမ်းဘေးဝဲယာ ရေနုတ်မြောင်း တူးဖော်ခြင်း၊ မြက်နှင့်ချုံနွယ်များရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)

## ပလင်ဒါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့



## သက်ကြီးရွယ်အို ဘိုးဘွားများပူဇော်

**ကြို့ပင်ကောက် အောက်တိုဘာ ၆**

၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ်သက်ကြီးရွယ်အို အဘိုးအဘွားများ ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ၁ရက်က ကြို့ပင်ကောက်မြို့နယ်ပြည်သူ့ဆေးရုံ သံဃာဆောင်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဦးခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးမြသောင်းက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်သူ အဘိုးအဘွား ၅၃ဦးတို့အား ဆေးဝါးနှင့် ပစ္စည်း များပေးအပ်လှူဒါန်းကြသည်။

**(ဝဲပုံ) (ဝ၄ဝ)**

## ဟိုပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နှစ်လည်စည်းဝေး

**ဟိုပင် စက်တင်ဘာ ၁၅**

ကချင်ပြည်နယ်ဟိုပင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၂၀၀၄ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ရက်က တေဇခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့မိမြို့ဖ ဦးညီလေးနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်အပြုံးတို့က အမှာစကားပြောကြားကြပြီး ဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရှင်းလင်းတင်ပြ

**အောက်တိုဘာ ၃ရက်က တိုက်ကြီးမြို့နယ် သဲဖြူ-ဖားမျှောကျေးရွာချင်းဆက် လမ်းဖောက်လုပ်ရန်အတွက် လမ်းအူကြောင်း ရွေးချယ်မှုကို ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာမှူး ဦးမင်းမောင်က ရှင်းလင်းတင်ပြစဉ်။**

(က-ပ)





## ဆုချီးမြှင့်

**ထန်းတပင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူးကျင်းပသည့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ၂၆ရက်ကကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်မူမူအေးက ထူးချွန်ဆုရ ကျောင်းသူ မရွှေယမင်းဦးအား ဆုချီးမြှင့်စဉ်။**

(မြို့နယ် ပြန်/ဆက်)



ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး ဗဟိုပျိုးဥယျာဉ်နှင့် မျိုးစေ့ထုတ်ဌာနတွင် စက်တင်ဘာ ၂၁ ရက်က အဖွဲ့ဝန်ထမ်းများဖြင့် ပျိုးဥယျာဉ်အတွင်း ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်များစိုက်ပျိုးခြင်းနှင့် ပျိုးအိတ်ထုပ်ခြင်းလုပ်ငန်းများဆောင်ရွက်မှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို ကြီးကြပ်ဆောင်ရွက်စဉ်။ (ပြည်နယ်စည်ပင်)

## စာဆိုတော်နေ့အထိမ်းအမှတ် စာကြည့်တိုက်ဖွင့်ရေး တာချီလိတ်မြို့၌ညှိနှိုင်းအစည်းအဝေးကျင်းပ

တာချီလိတ် အောက်တိုဘာ ၅

**၁၃၆၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် ပညာဘဏ်တိုက် စာကြည့်တိုက်ဖွင့်လှစ်ရေးနှင့် စာပေဟောပြောပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၅ ရက်က တာချီလိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး၌ကျင်းပရာ ဥက္ကဋ္ဌဒေါက်တာမြင့်အောင် (မောင်မြန်မာ)က အမှာစကားပြောကြားသည်။**

ဆက်လက်၍ ဘဏ္ဍာရေးမှူး ဦးထိန်မင်း(မင်းအေးငြိမ်းချေ)က အဖွဲ့၏ရ/သုံးငွေစာရင်းရှင်းတမ်းအားဖတ်ကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးအောင်ဖြိုးရှိန်(မောင်ယဉ်ကျေး)က စာဆိုတော်နေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊အလယ်တန်းအဆင့် ကဗျာ၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲကျင်းပရေးနှင့် ပညာဘဏ်တိုက်စာကြည့်တိုက် စာပေဟောပြောပွဲကျင်းပရေးလုပ်ငန်းဆိုင်ရာများရှင်းလင်းပြောကြားကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးစိုးစိုး(စိုးဦးပြန်/ဆက်)က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ပူးပေါင်း အစီအစဉ်ဖြင့် မြို့နယ်တွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်းကျောင်းများ၌နယ်လှည့်စာကြည့်တိုက်များဖွင့်လှစ်ရေးလုပ်ငန်း စီမံချက်များရှင်းလင်းပြောကြားကြသည်။

(၄၂၀)

သန်လျင်မြို့နယ်မြို့ပြကွက်သစ်ကျွဲဆည်ဘာသယကုန်းတော်ပေါ်ရှိ ကျွဲဆည်ဘာသယ စေတီတော်မြတ်ကြီး ကွမ်းတောင်အလှူတော်မင်္ဂလာပွဲကို စက်တင်ဘာ ၁၈ ရက်က ကျင်းပရာ ပုဇွန်တောင်မြို့နယ်နေ အလှူရှင် ဒေါ်ညို (ခ) ဒေါ်တင်မေ သားသမီး၊ မြေး၊ မြစ်မိသားစု တို့က အလှူတော်ငွေကျပ် ၄၅ သိန်းကို ပေးအပ်လှူဒါန်းရာ ဆရာတော်ကိုယ်စား ဂေါပကအဖွဲ့က လက်ခံစဉ်။ (က-ပ)



## ချောက်မြို့၌ မီးဖိုများပေးအပ်လှူဒါန်း

**ချောက် စက်တင်ဘာ ၃၀**

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ငယ်မှ A1မီးဖိုများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၂ ရက်က ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။ A1မီးဖိုများကို ခရိုင်ဥက္ကဋ္ဌက စံပြထိန်ကန်ကျေးရွာပြည်သူ၃၀ တို့အား ပေးအပ်လှူဒါန်းကြသည်။ (မြို့နယ်ပြန်/ဆက်)

## စာတတ်သူတိုင်း စာဖတ်ဖို့၊ စာကြည့်တိုက်များ ထူထောင်စို့။



စက်တင်ဘာ ၂၈ရက်က နယ်မြေခံတပ်ရင်းမှူးနှင့် ထားဝယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးကြည်သန်း၊ ဦးစီးအရာရှိ ဦးဘဂွမ် နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းထွန်းနိုင်တို့ သပြေချောင်း ဇလွန်းမြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းအား ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

## စာရင်းကောက်ယူ

**ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (ဈေး) ဦးစိုးနိုင်အေးနှင့် ကျန်းမာရေးဝန်ထမ်းများ ကျန်းမာရေးရက်သတ္တပတ် လှုပ်ရှားမှုအတွက် စက်တင်ဘာ ၁ ရက်က သီရိရတနာဈေးအတွင်း အိုင်အိုဒင်းဆား ရောင်းချမှုစာရင်း ကောက်ယူကြစဉ်။**
(မြို့နယ်စည်ပင်)



## ဂျပန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ရုရှားသူ ရှာရာပိုဗာ အနိုင်ရဗိုလ်စွဲ

တိုကျို အောက်တိုဘာ ၉

**ကမ္ဘာ့ထိပ်တန်း တင်းနစ်အားကစားသမား အယ်လီတန်ဟီးဝစ်တ်သည် ကြာသပတေးနေ့က အမေရိကန်ဒေါ်လာ ၈၆၀၀၀၀တန် ဂျပန် အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယမြောက်နေ့အဖြစ် ယှဉ်ပြိုင်ကစားရာ ဂျပန်တင်းနစ်အားကစားသမား တစ်ဦးအား အနိုင်ရရှိသွားခဲ့သည်။**

ဩစတြေးလျနိုင်ငံသား အဆိုပါ တင်းနစ်အားကစားသမားသည် တတိယမြောက်ပွဲအဖြစ် တာကာအိုဆူဇူကီးအား ၆-၇၊ ၆-၂၊ ၆-၄ဖြင့် အနိုင်ရခဲ့သည်။ သူသည် ဗုဒ္ဓဟူးနေ့က ဒုတိယမြောက်ပွဲတွင် ဂျပန်မှဂွိုင်ချိုင်းမိုတိုမူရာအား ၆-၀၊ ၃-၆၊ ၆-၁ ဖြင့် နိုင်ခဲ့သူဖြစ်သည်။

အမျိုးသမီးပွဲစဉ်တွင် ကမ္ဘာ့ထိပ်တန်းနှင့်လက်ရှိချန်ပီယံရုရှားမှ မာရီယာရှာရာပိုဗာက ပြင်သစ်မှ ဗီဒေါ့စ်ဆိုဗာအား ၆-၃၊ ၆-၄ ဖြင့်နိုင်ကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ချက်မှ ကလာရာကော်ကာလိုဗာက တစ်နိုင်ငံတည်းသူ နီကိုလီဗိတ်ဒီဆိုဗာအား ၆-၃၊ ၆-၀ ဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ရှာရာပိုဗာသည် ဟန်ဂေရီမှ အနီကိုကာပရော့ခ်ကို ၆-၁၊ ၃-၀ ဖြင့် အနိုင်ရခဲ့သူ ထိုင်းမှ တာမာရင်းတာနာဆူဂန်နှင့်အကြိုဗိုလ်လုပြီး အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ ရောက်ခဲ့သည်။ ရှာရာပိုဗာသည် ဂျပန်အမျိုးသမီး တင်းနစ် ဗိုလ်လုပွဲအဖြစ် အောက်တိုဘာ ၉ ရက်က အမေရိကန်မှ မာရှီးနားဝါရှင်တန်နှင့် ဗိုလ်လုကြရာ ရှာရာပိုဗာက ၆-၀၊ ၆-၁ ဖြင့်အနိုင်ရကာ ဂျပန်အိုးပင်းဖလားကို ရယူသွားပြီဖြစ်သည်။ ရှာရာပိုဗာသည် ယင်းပွဲမတိုင်မီက တရုတ်နှင့်တောင်ကိုရီးယားချန်ပီယံ ဖြစ်ခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ**



**ဂျပန်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ရုရှားနိုင်ငံသူ ရှာရာပိုဗာ အနိုင်ရဗိုလ်စွဲပြီး ဆုဖလားနှင့်အတူတွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## ရွန်နီနှင့် ရိုနယ်ဒို မန်ယူကို ထိပ်ဆုံး ပို့ပေးနိုင်မည်

**နယ်သာလန် အောက်တိုဘာ ၉**

ဝိန်းရွန်နီနှင့်ခရစ္စတီယာနိုရိုနယ်ဒိုတို့သည် မန်ယူအသင်းကို အင်္ဂလိပ်ဘောလုံး ထိပ်ဆုံးနေရာသို့ ပြန်ရောက်အောင် ပို့ပေးနိုင်လိမ့်မည်ဟု မန်ယူတိုက်စစ်မှူး ရူဗင်နစ္စတယ်ရွိုင်းက ယုံကြည်ထားသည်ဟု ဆိုသည်။

ရွန်နီသည် ပြီးခဲ့သော သီတင်းပတ်က ချန်ပီယံလိဂ် ပြိုင်ပွဲတွင် ဖီနာဘတ်အသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့်နိုင်ခဲ့ရာတွင် ဟက်ထရစ် သုံးဂိုး သွင်းပေးခဲ့၍ သူ၏ ပရိသတ်ကျေနပ်မှုကို ရစေခဲ့သည်။ အသက် ၁၈နှစ်အရွယ်ရှိ ရွန်နီသည် ပြီးခဲ့သော ဘောလုံးရာသီက ယူရို-၂၀၀၄ ပေါ်တူကီမှ ပြန်လာပြီးနောက် ပရိသတ်၏ အထင်ကြီးမှုကို ခံနေသူ ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် အကောင်းဆုံးဘောလုံးသမားများဖြစ်သည်ဟု အမှန်တကယ် ယုံကြည်မိကြောင်း၊ ဘောလုံးနည်းပညာပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာများ ပြည့်စုံသူများ ဖြစ်ကြောင်း နစ္စတယ်ရွိုင်းက ပြောကြားသည်။ **အမ်အင်အေ-ရိုက်တာ**

## ကမ္ဘာ့တစ်လွှား အားကစား

### ၂၀၀၆ ကမ္ဘာ့ ဖလားဖွင့်ပွဲ နှစ်နေရာခွဲ၍ ကျင်းပသွားမည်

**ဘာလင် အောက်တိုဘာ ၉**

ဂျာမနီနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားနောက်ဆုံးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို အနာဂတ်ပြိုင်ပွဲများ တိုးတက်လာနိုင်ရေးနှင့် ဘောလုံးနည်းပညာများ ဆက်နွှယ် ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ဖွင့်ပွဲကိုနှစ်နေရာခွဲ၍ ကျင်းပမည်ဖြစ်ကြောင်း ဖီဖာကကြာသပတေးနေ့က ပြောကြားသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲများမတိုင်မီ တစ်ရက်အလိုတွင် ဖွင့်ပွဲကိုကျင်းပရန် စီစဉ်ထားကြောင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ပြောကြားသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ဘောလုံးပြိုင်ပွဲဖွင့်ပွဲမတိုင်မီ တစ်ရက်အလိုတွင် ကျင်းပကာ ဘောလုံးယှဉ်ပြိုင်မှုဖွင့်ပွဲကို ၂၀၀၆ ဇွန်၈ရက်တွင် ဘာလင်အိုလံပစ်အားကစားကွင်း၌ သီးခြားစီ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ ရိုက်တာ**

## လေးနိုင်ငံ မာရသွန်စီးရီးပြိုင်ပွဲများ နိုင်ဂျီးရီးယား၊ စင်ကာပူ၊ မွန်ဘိုင်းနှင့် ဟောင်ကောင်၌ ကျင်းပမည်

ဒါအက်ဆလာမ် အောက်တိုဘာ ၈

**အင်ဒရူးဆမ်ဘူးသည် လေးနိုင်ငံ မာရသွန်စီးရီးပြိုင်ပွဲတွင် အာဖရိကနှင့် တန်ဇန်းနီးယား ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း တန်ဇန်းနီးယား အားကစားအသင်းက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။**

၎င်း၏အကောင်းဆုံးစံချိန်မှာ ၂နာရီ၁၀မိနစ်၀၀စက္ကန့် ဖြစ်သည်။ ဆမ်ဘူးသည် ယူဂန္ဓာနှင့် ကင်ညာနိုင်ငံတို့မှ အပြေးသမားများ ပါဝင်သော အရှေ့အာဖရိက အသင်း၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပေသည်။ ၎င်းသည် လာမည့်နှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ဟောင်ကောင်၌ကျင်းပမည့် မာရသွန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

လေးနိုင်ငံ မာရသွန် စီးရီးပြိုင်ပွဲများကို အောက်တိုဘာ ၂၄ရက်တွင် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ လည်းကောင်း၊ စင်ကာပူ၌ ဒီဇင်ဘာ ၅ရက်တွင် လည်းကောင်း၊ အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့၌ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၅ရက်တွင် လည်းကောင်း အသီးသီး ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေးနိုင်ငံ မာရသွန်ပြိုင်ပွဲသည် ကမ္ဘာ့အကြီးဆုံး မာရသွန်ပြိုင်ပွဲ ဖြစ်ပြီး ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ လေးသိန်း အမြင့်ဆုံး ဆွတ်ခူးရရှိမည်ဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

### ၂၀၀၆ ကမ္ဘာ့ ဖလားဆုကြေးငွေ ဖီဖာက တိုးပေးမည်ဟု ကြေညာ

**ဘရပ်ဆဲလ် အောက်တိုဘာ ၉**

ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ်က ၂၀၀၆ ကမ္ဘာ့ဖလား နောက်ဆုံးပွဲစဉ်များ ယှဉ်ပြိုင်ကစားကြမည့် အသင်း ၃၂သင်းအတွက် ဆုကြေးငွေအဖြစ် ဆွစ်ဖရန့် ၃၃၂သန်း (အမေရိကန်ဒေါ်လာ ၂၆၂ဒသမ ၉သန်း)ကို ဗုဒ္ဓဟူးနေ့က ထုတ်ပြန်ကြေညာသည်။

ယင်း ဆုကြေးငွေပမာဏသည် ၂၀၀၂ခုနှစ်တွင် ဂျပန်နှင့်တောင်ကိုရီးယား၌ ကျင်းပခဲ့သည့် ဆုကြေးငွေထက် ၃၈ရာခိုင်နှုန်း တိုးလာခဲ့သည်။

အဆိုပါဘောလုံးအသင်း အသီးသီးသည် ယှဉ်ပြိုင်ကြေးအဖြစ် ဆွစ်ဖရန့် ၁၀ဒသမ၃၇သန်း(အမေရိကန်ဒေါ်လာ ၈ဒသမ၂၁သန်း)ရရှိမည်ဖြစ်သည်။ ၂၀၀၂ခုနှစ်က စုစုပေါင်း ဆွစ်ဖရန့်သန်း ၂၄၀(အမေရိကန်ဒေါ်လာသန်း ၁၉၀)တွင် တစ်သင်းလျှင် ဆွစ်ဖရန့် ၇ ဒသမ ၅ သန်း(အမေရိကန်ဒေါ်လာ ၅ဒသမ၉၄သန်း)သာ ရခဲ့ကြသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

# မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ချမ်းအေးသာစံမြို့နယ် အမက(၄)ပညာရည်မြင့်မားရေးအထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲတက်ရောက်အားပေး

ရန်ကုန် အောက်တိုဘာ ၁၀

**မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ပါတ်ကုန်းပျော်ဘွယ်ရပ်ရှိ အမှတ်(၄)အခြေခံပညာမူလတန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် ညနေ ၅ နာရီတွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။**

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်မှ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ✻



မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၄)အခြေခံပညာမူလတန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲတွင် သင်ထောက်ကူပစ္စည်းများအသုံးပြု၍ ကျောင်းသား ကျောင်းသူများ သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်းစဉ်)**

# ပထမအကြိမ်အာဆီယံအမျိုးသမီးဘောလုံးချန်ပီယံ အောင်ပွဲရ မြန်မာအမျိုးသမီးအသင်းပြန်လည်ရောက်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှသောင်းသောင်းဖြဖြကြိုဆို

**ရန်ကုန် အောက်တိုဘာ ၁၀**

၂၀၀၄ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၉ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမရွှေတံဆိပ် ဆွတ်ခူးရရှိခဲ့သော အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ပင်ဒိုရာအောင်ကြီး ခေါင်းဆောင်သည့် အုပ်ချုပ်သူ၊ နည်းပြဆရာနှင့် အားကစားအဖွဲ့ဝင် ၂၄ ဦးပါဝင်သည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။
*စာမျက်နှာ ၁၁ ကော်လံ ၁* ●

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-သိန်းဝင်းလေး၊ တင်စိုး(မြန်မာ့အလင်း)**



ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပသော ပထမအကြိမ် အာဆီယံအမျိုးသမီးဘောလုံး ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ပန်းစည်းများ ကမ်းလှမ်း၍ ကြိုဆိုနှုတ်ဆက်ကြစဉ်။

**ဓာတ်ပုံမှတ်တမ်း- တင်စိုး(မြန်မာ့အလင်း)**

## ပထမဆုဖလား



ပထမအကြိမ် အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း အရယူပေးခဲ့သည့် ပထမဆုဖလားကြီးအား တွေ့ရစဉ်။

**ဓာတ်ပုံမှတ်တမ်း- တင်စိုး(မြန်မာ့အလင်း)**

## နှုတ်ဆက်

ပထမအကြိမ် အာဆီယံ အမျိုးသမီး ဘောလုံး ပြိုင်ပွဲတွင် ပထမရရှိ၍ ပရိသတ်အား အပြုံးဖြင့် နှုတ်ဆက်နေသည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ပင်ဒိုရာအောင်ကြီး က ဆုဖလားကြီးကို ကိုင်မြှောက်၍ ပရိသတ်အား နှုတ်ဆက်စဉ်။

ဓာတ်ပုံမှတ်တမ်း- တင်စိုး(မြန်မာ့အလင်း)

